မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၇ ရက်၊ ၂၀၁၀ ခုနှစ်၊ ဧပြီ ၅ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၉)၊ အမှတ် (၁၈၇)

ဗီယက်နမ်-မြန်မာ အပြည်ပြည်ဆိုင်ရာ ကုန်စည်ပြပွဲ(၂၀၁၀)ဖွင့်ပွဲ ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်း တက်ရောက်

ရန်ကုန် ဧပြီ ၄

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ အလုပ်သဘောခရီးရောက်ရှိနေသော ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်းသည် ယမန်နေ့ မွန်းလွဲ ၂ နာရီခွဲက ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ(MCC)၌ကျင်းပသည့် ဗီယက်နမ်-မြန်မာ အပြည်ပြည်ဆိုင်ရာ ကုန်စည်ပြပွဲ(၂၀၁၀)(Vietnam-Myanmar International Trade Fair-2010) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

စာမျက်နှာ ၃ ကော်လံ ၁ ✻

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်းနှင့်အဖွဲ့၊ တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်၊ ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးသူရိန်ဇော်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးခင်မောင်စိုးတို့ ဗီယက်နမ်-မြန်မာ အပြည်ပြည်ဆိုင်ရာ ကုန်စည်ပြပွဲ(၂၀၁၀)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်

ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့၌ ကျင်းပမည့် (၁၆)ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးသို့ တက်ရောက်မည်

နေပြည်တော် ဧပြီ ၅

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်း၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် မကြာမီကာလအတွင်း ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟန္နိုင်းမြို့၌ ကျင်းပမည့် (၁၆)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့ တက်ရောက်မည်ဖြစ်သည်။ **(သတင်းစဉ်)**

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကိုဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

လူစီးမော်တော်ယာဉ်များအတွက် ရေဒီယယ်တာယာများ ထုတ်လုပ်ပေးမည့်

အမှတ်(၂)တာယာနှင့် ရော်ဘာပစ္စည်း ထုတ်လုပ်မှုစက်ရုံ(ဘီးလင်း)

သတင်းဆောင်းပါး ရန်ကြီးအောင်
ဓာတ်ပုံမှတ်တမ်း လေးမျက်နှာ-သန်းဦး
စာမျက်နှာဖွဲ့စည်းမှု မင်းထွန်း(မြန်မာ့အလင်း)

နေပြည်တော် ဧပြီ ၄

အမှတ်(၂) စက်မှုဝန်ကြီးဌာန မြန်မာ့တာယာနှင့် ရော်ဘာပစ္စည်းထုတ်လုပ်မှုလုပ်ငန်းအောက်ရှိ အမှတ်(၂)တာယာနှင့် ရော်ဘာပစ္စည်းထုတ်လုပ်မှုစက်ရုံ(ဘီးလင်း)ကို ဖေဖော်ဝါရီလ ၁၀ရက်နေ့တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည်။

ထည်ထည်ဝါဝါ

မွန်ပြည်နယ် သထုံခရိုင် ဘီးလင်းမြို့နယ်တွင်ရှိသည့် အဆိုပါစက်ရုံ ဖွင့်ပွဲအခမ်းအနားသို့ မိမိတို့သတင်းအဖွဲ့သည်လည်း သတင်းရေးသားရိုက်ကူးရန် ရောက်ရှိခဲ့သည်။ စက်ရုံသို့သွားသည့်လမ်းခရီးတစ်လျှောက်ရှိ ကျိုက်ထိုမြို့နယ်နှင့် ဘီးလင်းမြို့နယ်တို့၌ အောင်မြင်ဖြစ်ထွန်းနေသော ရော်ဘာစိုက်ခင်းများကို မျက်စိတစ်ဆုံး တွေ့မြင်ခဲ့ရသည်။ ထို့နောက် ရန်ကုန်-မော်လမြိုင် မော်တော်ကားလမ်းမကြီး၏ မိုင်တိုင်အမှတ်(၁၂၂)အနီး အရောက်တွင်တော့ စိမ်းညို့နေသော ရော်ဘာတောအုပ်ကြီးများကြားဝယ် သစ်လွင်တောက်ပသော စက်ရုံအဆောက်အအုံများကို ခံ့ခံ့ညားညား ထည်ထည်ဝါဝါ တွေ့လိုက်ရသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ■

အမှတ်(၂)တာယာနှင့် ရော်ဘာပစ္စည်းထုတ်လုပ်မှုစက်ရုံ(ဘီးလင်း) Radial Tyre Workshop ၌ လုပ်ငန်းဆောင်ရွက်နေမှုကို တွေ့ရစဉ်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ခုနှစ် ဧပြီ ၅ ရက်)

မြန်မာ–ဗီယက်နမ် ချစ်ကြည်ရင်းနှီးမှု တည်ကြည်ခိုင်မြဲ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့် ဖော်ဆောင်နိုင်မည်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ဧပြီ ၂ရက်တွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေး၊ စီးပွားရေး၊ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ အမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၏ ဖိတ်ကြားချက်အရ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဧပြီလ ၂ရက်နေ့မှ ၄ရက်နေ့အထိ ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ အလုပ်သဘောခရီး ရောက်ရှိခဲ့ခြင်းဖြစ်သည်။

ယင်းနေ့၌ပင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်း ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့နှင့် ဇေယျာသီရိဗိမာန်၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံတို့အကြား အစဉ်အလာရှိသည့် ချစ်ကြည်ရင်းနှီးမှုနှင့် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုတို့ကို ပိုမိုမြှင့်တင်ရေး၊ စိုက်ပျိုးရေးကဏ္ဍ၊ ရေလုပ်ငန်းကဏ္ဍ၊ ဘဏ္ဍာရေးကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ သတ္တုကဏ္ဍ၊ ဆောက်လုပ်ရေးကဏ္ဍ၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍစသည့် ကဏ္ဍများနှင့် နိုင်ငံတကာနှင့်ဒေသဆိုင်ရာကိစ္စများ၌ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကာ အမြင်ချင်းဖလှယ်ခဲ့ကြပေသည်။

နှစ်နိုင်ငံသဘောတူစာချုပ်လက်မှတ်ရေးထိုးခြင်း၊ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပူးတွဲထုတ်ပြန်ချက်ကို အပြန်အလှန်လဲလှယ်ခြင်းနှင့် နှစ်နိုင်ငံဝန်ကြီးများနှင့် တာဝန်ရှိသူများက ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးလုပ်ငန်း၊ စိုက်ပျိုးရေး၊ ဘဏ္ဍာရေး၊ ဆက်သွယ်ရေးနှင့် သတ္တုတူးဖော်ရေးဆိုင်ရာ သဘောတူစာချုပ်နှင့် နားလည်မှုစာချွန်လွှာ(၇)ခုတို့ကို လက်မှတ်ရေးထိုးခဲ့ကြသည်။

ဤကဲ့သို့ နှစ်နိုင်ငံအကြား ပူးတွဲထုတ်ပြန်ချက်များ လဲလှယ်ခြင်းနှင့် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းသည် မြန်မာနှင့် ဗီယက်နမ်တို့၏ ရင်းနှီးချစ်ကြည်မှုပမာဏကို ဖော်ညွှန်းလျက်ရှိရာ ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုနှင့် တည်ကြည်ခိုင်မြဲမှုမှသည် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများကို ယခုထက် ပိုမိုတိုးမြှင့် ဖော်ဆောင်သွားနိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဖေဖော်ဝါရီ ၂၄ရက်က ဦးတုန်စိန်-ဒေါ်ဒေါ်ရှင်တို့၏ သားသမီး၊ မြေးမြစ်တစ်စုက ရေတာရှည်မြို့ ဘိုးဘွားရိပ်သာ စိန်ရှင်မွေးရုံ၌ တတိယအကြိမ်မြောက် ငွေကျပ် သိန်း ၄၀ကို ဘိုးဘွားရိပ်သာ အတွင်းရေးမှူး ဦးခင်မောင်ထွေးထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

Bio Plus Healthy Drinking Water စက်ရုံသစ်ဖွင့်

ရန်ကုန် ဧပြီ ၄

Nano နည်းပညာဖြင့် ဖန်တီးထုတ်လုပ်ထားသည့် Bio Disc Passed Water အတွက် ဖန်တီးထုတ်လုပ်လိုက်သော Bio Plus Healthy Drinking Water စက်ရုံသစ်ဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၂ရက် နံနက် ၁၀နာရီက ရန်ကုန်မြို့ အလုံမြို့နယ် ကွင်းကျောင်းလမ်း အမှတ်(၂၃-ဘီ)ရှိ အဆိုပါ စက်ရုံသစ်ရှေ့၌ ကျင်းပရာ ရှေးဦးစွာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် တင်နိုင်သိန်း၏ဇနီး ဒေါ်အေးအေး၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၏ဇနီး ဒေါ်သီတာဝင်း၊ ရန်ကုန်အနောက်ပိုင်းခရိုင်ဥက္ကဋ္ဌ ဦးကျော်သူဇော်နှင့် Long Luck Co., Ltd. လုပ်ငန်းစုမှ မန်နေဂျင်းဒါရိုက်တာ ဒေါ်ဥမ္မာလွင်တို့က စက်ရုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း၏ဇနီး ဒေါက်တာ ဒေါ်ခင်ဆန်းနွယ်က စက်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

စွမ်းအားပြည့်

အဆိုပါ Bio Plus Healthy Drinking Water ကို သောက်သုံးခြင်းဖြင့် ရရှိနိုင်သော အကျိုးကျေးဇူးများမှာ ရေ၏မော်လီကျူးထဲသို့ Scalar စွမ်းအားထည့်ပေးခြင်းကြောင့် ၄င်းရေကိုသောက်သုံးခြင်းဖြင့် Scalar စွမ်းအားသည် ကိုယ်ခန္ဓာ၌ရှိသော ဆဲလ်များအားလုံးထဲရောက်သွားပြီး အသက်စွမ်းအားကို ဖြည့်ပေးသည်။ ထို့ကြောင့် တစ်နေ့လုံး စွမ်းအားပြည့်နေသည်။

ခန္ဓာကိုယ်၏ ခုခံအား (Immune System)မြင့်တက်လာခြင်းဖြင့် ကိုယ်ခန္ဓာသည် ခါတိုင်း၊ အမြဲတိုင်းကဲ့သို့ ကျန်းမာလာပြီး ရောဂါများကိုလည်း ခုခံနိုင်သည့် စွမ်းအားကို မြဲလာ၊ များလာစေသည်။

စိတ်ပင်ပန်းနွမ်းနယ်ခြင်း၊ စိတ်ဖိစီးခြင်း၊ စိတ်သောကများကို လျော့စေ၍ ကောင်းမွန်စွာ အိပ်စက်နိုင်ပြီး ကျောက်ကပ်နှင့် အသည်းတို့မှ ခန္ဓာကိုယ် အညစ်အကြေးများကို အကောင်းဆုံး စွန့်ထုတ်ပစ်ရန် Bio Plus Healthy Drinking Water က အထောက်အပံ့ပေးကာ သွေး ထဲ၌ အောက်ဆီဂျင်များစေပြီး အာဟာရများကို ခန္ဓာကိုယ်က ပိုမိုစုပ်ယူစေရန် ၄င်းရေက အထောက်အကူပြုပေးသည်။

ကာကွယ်နိုင်

ချက်ချင်းလက်ငင်း စွမ်းအားဖြည့်နိုင်ရန်လည်းကောင်း၊ Computer ,Electronic System တို့မှ ထွက်သော လျှပ်စစ်စွမ်းအားကြောင့် ဖြစ်ပေါ်လာသည့် ဆန့်ကျင်ဘက် ဆိုးကျိုးများကို ကာကွယ်တားဆီးနိုင်ရန်လည်းကောင်း Bio Plus စွမ်းအားဖြည့်ရေကို မိမိ၏ မျက်နှာနှင့်ဝန်းကျင်ကို ပက်ဖျန်းခြင်းဖြင့် ကာကွယ်နိုင်သည်။

ဆက်သွယ်နိုင်

အဆိုပါ Bio Plus Healthy Drinking Water ကို မကြာမီ ဈေးကွက်အတွင်းသို့ စတင်ဖြန့်ချိမည်ဖြစ်ရာ စက်ရုံတည်ရှိရာ အမှတ်(၂၃-ဘီ)ကွင်းကျောင်းလမ်း အလုံမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၉-၅၂၀၀၉၇၈နှင့် ၉၅၁-၂၂၃၂၇၇၊ Fax: ၉၅၁-၂၂၅၃၀၅၊ e-mail; Long Luck 23 b @ g mail. com တို့သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

Bio Plus Healthy Drinking Water စက်ရုံသစ်ဖွင့်ပွဲအခမ်းအနားတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် တင်နိုင်သိန်း၏ဇနီး ဒေါ်အေးအေး၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး လှသိန်းဆွေ၏ဇနီး ဒေါ်သီတာဝင်း၊ (ရန်ကုန်)အနောက်ပိုင်းခရိုင်ဥက္ကဋ္ဌ ဦးကျော်သူဇော်နှင့် **Long Luck Co., Ltd.** လုပ်ငန်းစုမှ မန်နေဂျင်းဒါရိုက်တာ ဒေါ်ဥမ္မာလွင်တို့ စက်ရုံကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

ထန်းတပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ကညင်ပင်ကျေးလက် ကျောက်ချောလမ်း ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို မတ် ၃၀ရက်က ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်စိုးက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၅-၄-၂၀၁၀ (တနင်္လာနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ရတနသုတ်
- ၅:၁၅ MRTV-4 သတင်း
- ၆:၀၀ **လှူဖျားပေါ်က ပျားရည်တစ်စက် တရားတော်** (ဆရာတော် အရှင်ဥတ္တရသာရ)
- ၆:၅၀ ငြိမ်းချမ်းမြေမှ ရတနာလာဘမုနိ ဆုတောင်းပြည့် မြွေဘုရား
- ၇:၀၀ MRTV-4 သတင်း
- ၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၇၁)
- ၈:၃၀ Premier League Highlight
- ၈:၅၅ ခါသင်္ကြန်အဆိုအက
- ၉:၁၀ ပညာအလင်း...ထွန်းညှိပေးရာ
- ၉:၃၀ Global Panorama
- ၁၀:၃၀ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **အချစ်နှင့်ကံ**
- ၁၀:၅၅ ထွန်းကားပြန့်ပွားစေရာ သုဝဏ္ဏဘူမိသာသနာ
- ၁၁:၂၅ International Show Biz
- ၁၁:၄၅ Complete ICT Solution Provider For Computer Networking
- ၁၂:၀၅ Talent Show (ထွေးဦး မြန်မာ့ရိုးရာယဉ်ကျေးမှု ရုပ်စုံအဖွဲ့)
- ၁၂:၃၅ ခါသင်္ကြန်အဆိုအက
- ၁:၀၀ **လှူဖျားပေါ်က ပျားရည်တစ်စက် တရားတော်** (ဆရာတော် အရှင်ဥတ္တရသာရ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၄၅ ပါရမီတက္ကစီ စွမ်းဆောင်အား ပြည်သူများအတွက် အလေးထား
- ၃:၀၅ သဘာဝကပေးတဲ့ အကျိုးအာနိသင် (ရိုးရိုးလေး) အကယ်ဒမီဖိုးကျော်၊ ချစ်ဖွယ်၊ မေမြတ်ဆွေ၊ ဒေါ်အောင်မြင့်ကြည်၊ အိဖြိုးချယ်ရီ (ဒါရိုက်တာ-ကြည်သာပွဲကြိုက်ခင်)
- ၃:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၇၁)
- ၄:၀၅ ခါသင်္ကြန်အဆိုအက
- ၄:၂၀ A day with Aye Nan Lin (အေးနန်းလင်းနှင့်တစ်နေ့တာ)
- ၄:၃၀ ပညာအလင်း...ထွန်းညှိပေးရာ
- ၄:၅၀ စာအုပ်ပြခန်း (စာရေးဆရာဘုန်းတင့်ကျော်နှင့် တွေ့ဆုံခြင်း)
- ၅:၀၀ အမျိုးသားများနှင့်ပတ်သက်သော အကြော၊ အဆစ်ရောဂါအကြောင်း သိကောင်းစရာ (အပိုင်း-၂) (ဒေါက်တာပန်ဒိုရာအောင်ကြီး၊ နေတိုး၊ ထွန်းထွန်း၊ မိုးမိုး၊ ကျော်ကျော်ဗို)
- ၅:၃၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ International Show Biz
- ၆:၃၅ အနုပညာမိုးကောင်းကင်
- ၇:၀၀ သင်္ကြန်နှင့် အသားအရေထိန်းသိမ်းခြင်း
- ၇:၃၀ Talent Show (ထွေးဦးမြန်မာ့ရိုးရာယဉ်ကျေးမှု ရုပ်စုံအဖွဲ့)
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ ပါရမီတက္ကစီ စွမ်းဆောင်အား ပြည်သူများအတွက် အလေးထား
- ၈:၅၀ စာအုပ်ပြခန်း (စာရေးဆရာဘုန်းတင့်ကျော်နှင့် တွေ့ဆုံခြင်း)
- ၉:၀၅ အနုပညာမိုးကောင်းကင်
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၇၁)
- ၁၀:၀၀ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **အချစ်နှင့်ကံ**
- ၁၀:၂၅ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၁၀:၅၀ သဘာဝကပေးတဲ့ အကျိုးအာနိသင် (ရိုးရိုးလေး) အကယ်ဒမီဖိုးကျော်၊ ချစ်ဖွယ်၊ မေမြတ်ဆွေ၊ ဒေါ်အောင်မြင့်ကြည်၊ အိဖြိုးချယ်ရီ (ဒါရိုက်တာ-ကြည်သာပွဲကြိုက်ခင်)
- ၁၁:၀၅ သင်္ကြန်နှင့် အသားအရေ ထိန်းသိမ်းခြင်း
- ၁၁:၃၅ မြေကြီးမှရွှေသီးဖို့ စက်မှုလယ်ယာကူးပြောင်းစို့
- ၁၁:၅၅ ငွေအစိတ်နှင့်အဆိပ်ငွေ နေဆန်း၊ မျိုးစန္ဒီကျော်နှင့် သရုပ်ဆောင်များ (ဒါရိုက်တာ-ရွှေအေးကို)
- ၁၂:၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၁:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

အရောင်းပြခန်းများ ကြည့်ရှုအားပေး

ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်း ဗီယက်နမ်-မြန်မာ အပြည်ပြည်ဆိုင်ရာ ကုန်စည်ပြပွဲ(၂၀၁၀)တွင် ခင်းကျင်းပြသထားသော အရောင်းပြခန်းများကို ကြည့်ရှုအားပေးကြစဉ်။

(သတင်းစဉ်)

* ရှေ့ဖုံးမှ

ဖျော်ဖြေတင်ဆက်

ရှေးဦးစွာ မြန်မာ-ဗီယက်နမ်နှစ်နိုင်ငံ ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များက ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ စက်မှုကုန်သွယ်ဝန်ကြီးဌာန ဒုတိယဝန်ကြီးက အမှာစကားပြောကြားသည်။

ဆက်လက်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းက အမှာစကားပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ယင်းနောက် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်းနှင့် အဖွဲ့၊ တိုင်းမှူးဗိုလ်ချုပ်ဝင်းမြင့်၊ ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးသူရိန်ဇော်နှင့် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးခင်မောင်စိုးတို့က ဗီယက်နမ်-မြန်မာ အပြည်ပြည်ဆိုင်ရာကုန်စည်ပြပွဲ(၂၀၁၀)ဖွင့်ပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ကြည့်ရှုအားပေး

ထို့နောက် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ တိုင်းမှူး၊ ဝန်ကြီး၊ မြို့တော်ဝန်နှင့် ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဗီယက်နမ်-မြန်မာ နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များသည် ကုန်စည်ပြပွဲအတွင်း ခင်းကျင်းပြသထားသည့် အရောင်းပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

အဆိုပါ ဗီယက်နမ်-မြန်မာ အပြည်ပြည်ဆိုင်ရာကုန်စည်ပြပွဲ(၂၀၁၀)ကို ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ(MCC)၌ ဧပြီ ၃ရက်မှ ၆ရက်အထိ နေ့စဉ် နံနက် ၉နာရီမှ ညနေ ၅နာရီအတွင်း ဖွင့်လှစ်ပြသသွားမည်ဖြစ်သည်။

တွေ့ဆုံဆွေးနွေး

ကုန်စည်ပြပွဲတွင် မြန်မာနိုင်ငံနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နှစ်နိုင်ငံ ထွက်ကုန်ပစ္စည်းများကို ခင်းကျင်းပြသသွားမည့်အပြင် နှစ်နိုင်ငံလုပ်ငန်းရှင်များအကြား ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှုတိုးမြှင့်ရေးနှင့် စီးပွားရေး တွေ့ဆုံဆွေးနွေးပွဲများကိုလည်း ကျင်းပသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်း ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ

ရန်ကုန် ဧပြီ ၄

ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ အလုပ်သဘောခရီး ရောက်ရှိနေသော ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်း ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက် ၁၀နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့မှ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာသွားကြသည်။

အမှတ်တရလက်ဆောင်

ယင်းသို့မထွက်ခွာမီ ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ် ဧည့်ခန်းမဆောင်၌ ဧည့်သည်တော်ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်းအား ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်က မြန်မာ့ရိုးရာအနုပညာလက်ရာမွန် ပန်းချီကားချပ်၊ ခရီးစဉ်မှတ်တမ်းဗီဒီယိုနှင့် ဓာတ်ပုံစီဒီတို့ကို အမှတ်တရလက်ဆောင်အဖြစ် ပေးအပ်သည်။

ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်းထံ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်က မြန်မာ့ရိုးရာအနုပညာလက်ရာမွန် ပန်းချီကားချပ်ကို လက်ဆောင်ပေးအပ်စဉ်။ (သတင်းစဉ်)

ပို့ဆောင်နှုတ်ဆက်

ထို့နောက် ဧည့်သည်တော်ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်မှအထူးလေယာဉ်ဖြင့် ထွက်ခွာသွားကြရာ တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများ၊ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာမြန်မာနိုင်ငံသံအမတ်ကြီး ဦးခင်မောင်စိုး၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chu Cong Phungနှင့် သံရုံးမိသားစုဝင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်း ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် နံနက်ပိုင်းတွင် ရွှေတိဂုံစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပန်းတောင်းမြို့နယ်အသင်း နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဧပြီ ၄

ပန်းတောင်းမြို့နယ်အသင်း(ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် နှစ်ပတ်လည်အစည်းအဝေးကို ဧပြီ ၂၅ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ကြည့်မြင်တိုင်မြို့နယ် ပန်းလှိုင်လမ်းရှိ အမ္ဗာရာမကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ အသက်(၇၅)နှစ်အထက် အသင်းဝင်များ၊ ၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရ သား၊ သမီးများသည် အောက်ပါအမှုဆောင်များထံ ဆက်သွယ်စာရင်းပေးကြပါရန်နှင့် အသင်းဝင်များနှင့် အသင်းမဝင်ရသေးသူများပါ တက်ရောက်ကြရန် နှိုးဆော်ထားပြီး ဥက္ကဋ္ဌ ဦးစိန်မြင့် ဖုန်း-၀၉-၅၀-၂၉၆၂၆၊ အတွင်းရေးမှူး ဦးငွေသိန်း ဖုန်း-၅၅၅၅၀၅၊ အမှုဆောင် ဦးတင်သောင်း ဖုန်း-၀၉-၅၁-၄၄၆၂၀နှင့် အမှုဆောင် ဦးခင်စိုး ဖုန်း-၃၉၇၆၆၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ကြည့်ရှုစစ်ဆေး

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ အမှတ်(၄) ဓာတ်မြေသြဇာစက်ရုံ(မြောင်းတကာ) Control Room အတွင်း ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

စီမံကိန်းလုပ်ငန်းများ အချိန်မီပြီးစီးရေး အင်တိုက်အားတိုက် ဆောင်ရွက် သတ်မှတ်ကာလအတိုင်း ဓာတ်မြေသြဇာထုတ်လုပ်ထွက်ရှိရေး ကြိုးပမ်း

နေပြည်တော် ဧပြီ ၄

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် ဧပြီ ၄ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ အမှတ်(၄) ဓာတ်မြေသြဇာစက်ရုံ တည်ဆောက်ရေးစီမံကိန်း (မြောင်းတကာ)၌ကျင်းပသော အမှတ်(၄) ဓာတ်မြေသြဇာစက်ရုံစီမံကိန်း(မြောင်းတကာ) နှင့် အမှတ်(၅) ဓာတ်မြေသြဇာစက်ရုံ(ပုသိမ်) စီမံကိန်းလုပ်ငန်းများအချိန်မီပြီးစီးရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

ကြိုးပမ်းဆောင်ရွက်

အစည်းအဝေးတွင် ရှေးဦးစွာဝန်ကြီးက အမှာစကားပြောကြားရာ၌ သတ်မှတ်ထားသည့်ကာလများအတွင်း အမှတ်(၄)နှင့် အမှတ်(၅)ဓာတ်မြေသြဇာ စက်ရုံစီမံကိန်းများ အချိန်မီပြီးစီးရေးအတွက် အင်တိုက်အားတိုက် ဆောင်ရွက်နေရသည့် ကာလဖြစ်သည့်အလျောက် တာဝန်ယူရသည့်အပိုင်းအလိုက် တွန်းတွန်းတိုက်တိုက် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အထူးသဖြင့် စက်တပ်ဆင်မှုအပိုင်းများကို ဆောင်ရွက်ရာတွင် Technically စေ့စပ်သေချာစွာ သက်ဆိုင်ရာပညာသည်အဖွဲ့များဖြင့် စနစ်တကျ ကြပ်မတ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ သတ်မှတ်ကာလအတိုင်း ဓာတ်မြေသြဇာထုတ်လုပ်ထွက်ရှိရေးအတွက် နိုင်ငံတော်က ငွေကြေးလုံလောက်စွာ ခွင့်ပြုထားပြီးဖြစ်သဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက ငွေကြေးသုံးစွဲမှုအပိုင်းကို လုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျ သုံးစွဲသွားရန်လိုကြောင်းဖြင့် မှာကြားပြီး ရှေ့ဆောင်ရွက်ရမည့် အစီအစဉ်များကို အသေးစိတ် ချမှတ်ပေးသည်။

ထို့နောက် တည်ဆောက်ရေးအပိုင်းနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးတာဝန်ခံ Asia World Company မှ ဦးမောင်ကျေးကလည်းကောင်း၊ စက်တပ်ဆင်ရေးလုပ်ငန်းများအား ဆောင်ရွက်နေသည့် HQCEC နှင့် China-II တို့က လက်ရှိဆောင်ရွက်လျက်ရှိသော လုပ်ငန်းအခြေအနေများကိုလည်းကောင်းတင်ပြကြရာ စီမံကိန်းဒါရိုက်တာများနှင့် မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိန်ဝင်းတို့က ဖြည့်စွက်တင်ပြကြသည်။

လက်ဆောင်ပေးအပ်

ယင်းနောက် ဝန်ကြီးကလုပ်ငန်းလိုအပ်ချက်များနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ ဆက်လက်၍ ဝန်ကြီးသည် စီမံကိန်းဆောင်ရွက်လျက်ရှိသော ပြည်ပ ပညာရှင်များအား သစ်သီးခြင်းများ လက်ဆောင်ပေးအပ်သည်။

ထို့နောက် ဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ အမှတ်(၄) ဓာတ်မြေသြဇာစက်ရုံ တည်ဆောက်ရေးစီမံကိန်းဝင်းအတွင်းရှိ အရှိန်အဟုန်ဖြင့် တည်ဆောက်လျက်ရှိသော Co_2 Removal Unit Absorber၊ Ammonia Compressor House နှင့် Control Room များ၌ စက်များတပ်ဆင်ပြီးစီးနေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဥတုရာသီ တောကိုမှီ၏

အီရတ်၌ အယ်လ်ခိုင်ဒါခြောက်ဦး ဖမ်းဆီးခံရ

ဘဂ္ဂဒက် ဧပြီ ၄

အီရတ်နိုင်ငံမြောက်ပိုင်းဒေသတွင် ခြိမ်းခြောက်ငွေတောင်းယူပြီး လူသတ်မှုကျူးလွန်နေသည့် ဂိုဏ်းဝင်များဖြစ်သည်ဟု ယူဆရသော အယ်လ်ခိုင်ဒါခေါင်းဆောင်ခြောက်ဦးကို အမေရိကန်နှင့် အီရတ်တပ်ဖွဲ့ဝင်များက ဖမ်းဆီးလိုက်ကြောင်း အမေရိကန်စစ်ဘက်က ဧပြီ ၁ရက်၌ သတင်းထုတ်ပြန်သည်။

ကြုံတွေ့

ဘဂ္ဂဒက်မြို့တော်မြောက်ဘက် ကီလိုမီတာ ၃၉၀အကွာရှိ မိုဆူးလ်မြို့နှင့် အယ်လ်ခိုင်ဒါ ခြေကုပ်စခန်းများအား မတ်လအတွင်းက စစ်ဆင်နွှဲရာ ယင်းသို့ကြုံတွေ့ခြင်းဖြစ်သည်ဟု အဆိုပါသတင်း၌ ဖော်ပြသည်။ အမ်အင်န်အေ၊ရိုက်တာ

ရုရှားပို့ဆောင်ရေးလုပ်ငန်း လုံခြုံမှုခိုင်မာတောင့်တင်းရေး သမ္မတ မက်ဗီဒက်ဗ် အမိန့်ထုတ်ပြန်

မော်စကို ဧပြီ ၄

ရုရှားနိုင်ငံတွင် မကြာမီကဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်မှုများကို ရည်ညွှန်း၍ အမျိုးသားပို့ဆောင်ရေးလုပ်ငန်းများ၌ ခိုင်မာတောင့်တင်းသည့် လုံခြုံရေးအစီအစဉ်များ ချမှတ်ဆောင်ရွက်သွားရန် ရုရှားသမ္မတ ဒီမီထရီမက်ဗီဒက်ဗ်က ရုရှားအစိုးရအဖွဲ့အား မတ် ၃၁ရက်၌ အမိန့်ထုတ်ပြန်လိုက်သည်။

ရုရှားသမ္မတ ဒီမီထရီမက်ဗီဒက်ဗ်။

ဖော်ပြ

မိမိသည် ပို့ဆောင်ရေးကဏ္ဍတွင် အာမခံချက်ရှိသည့်လုံခြုံမှုရရှိစေရေးအတွက် အကွက်ကျကျဆောင်ရွက်သွားရန် သတ်မှတ်ချက်များပါဝင်သည့် အမိန့်ကြေညာချက်ကို ယနေ့လက်မှတ်ရေးထိုးထုတ်ပြန်လိုက်ကြောင်းဖြင့် သမ္မတမက်ဗီဒက်ဗ်က ပြောကြားကြောင်း ရုရှားအင်တာဖက်သတင်းဌာနက ကိုးကားဖော်ပြသည်။

အဓိကထား

ယင်းအမိန့်တွင် မီးရထားနှင့်ဘတ်စ်ကားကဲ့သို့သော ပြည်သူ့ပို့ဆောင်ရေးလုပ်ငန်းများ၌ အကြမ်းဖက်တိုက်ခိုက်မှုများကို ထိရောက်စွာ ကာကွယ်သွားရန် အဓိကထား လုပ်ဆောင်သွားရမည်ဟု ဖော်ပြထားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

နျူကလီးယားလက်နက်ဖျက်သိမ်းရေး အီရန်ထောက်ခံဟု ပြောကြား

တီဟီရန် ဧပြီ ၄

အီရန်နိုင်ငံက အဏုမြူဗုံးထုတ်လုပ်ရန် ကြိုးပမ်းနေသည်ဟု အနောက်အုပ်စုက စွပ်စွဲပြောကြားနေသည့်ကြားမှ တစ်ကမ္ဘာလုံး နျူကလီးယားလက်နက်ဖျက်သိမ်းရေးကိစ္စကို အီရန်ကထောက်ခံကြောင်း အီရန်ထိပ်တန်းအရာရှိတစ်ဦးက ဧပြီ ၂ရက်၌ ပြောကြားလိုက်သည်။

ဝေဖန်

နိုင်ငံအားလုံးအနေဖြင့် အရပ်ဘက်သုံး နျူကလီးယားနည်းပညာပိုင်ဆိုင်သင့်ကြောင်း၊ ထိုအစီအစဉ်ကို ဟန့်တားသည့်အနောက်အုပ်စုကို အပြင်းအထန်ဝေဖန်ကြောင်း အီရန်အမျိုးသားလုံခြုံရေးကောင်စီ အတွင်းရေးမှူး ဂျာလီလီက ပြောကြားသည်။

ရပ်ဆိုင်းသင့်

နျူကလီးယားအစီအစဉ်နှင့်ပတ်သက်၍ အီရန်အား ခြိမ်းခြောက်နေမှုကို အနောက်အုပ်စုက ရပ်ဆိုင်းသင့်သည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။**(အင်တာနက်)**

နယူးဇီလန်နိုင်ငံ လီဗင်းမြို့တွင်ကျင်းပသည့် မီးပုံးပျံပွဲတော်ကို ဧပြီ ၃ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

ပါကစ္စတန်အပေါ် အမေရိကန်သဘောထား ပြန်လည်သုံးသပ်သင့်ဟု ပြောကြား

အစ္စလမ္မာဘတ် ဧပြီ ၄

အကြမ်းဖက်လုပ်ရပ်များအား ပါကစ္စတန် အာဏာပိုင်များ၏ အောင်မြင်စွာစစ်ဆင်ဖြေရှင်းနိုင်မှုနှင့် ချမှတ်ထားသည့်မူဝါဒကြောင့် အမေရိကန်အစိုးရအနေဖြင့် ပါကစ္စတန်အပေါ် ယင်း၏သဘောထားရပ်တည်ချက်နှင့် မူဝါဒကို ပြန်လည်သုံးသပ်ရသည့် အခြေအနေအထိ ဩဇာသက်ရောက်သွားစေသည်ဟု ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီး ရှားမီမွတ်ကူရိရှီက ဧပြီ ၁ရက်၌ ပြောကြားသည်။

ပြောကြား

ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးက ပါကစ္စတန် အထက်လွှတ်တော်တွင် ပါကစ္စတန်-အမေရိကန် မဟာဗျူဟာဆွေးနွေးပွဲနှင့်ပတ်သက်၍ မူဝါဒရေးရာမိန့်ခွန်းပြောကြားရာ၌ အထက်ပါအတိုင်း ထည့်သွင်းပြောကြားသွားခဲ့ခြင်းဖြစ်သည်။

ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီး ကူရီရှီသည် အမေရိကန်အစိုးရအရာရှိများနှင့် ဆွေးနွေးပွဲများပြုလုပ်ခဲ့ပြီးနောက် ယခုသီတင်းပတ်စောစောပိုင်းက ပါကစ္စတန်နိုင်ငံသို့ ပြန်လည်ရောက်ရှိလာခြင်းဖြစ်သည်။

ပါကစ္စတန်တပ်ဖွဲ့ဝင်များသည် ၎င်းနိုင်ငံ၏ ဆွတ်ဒေသ၊ မာလာကင်ဒေသ၊ ဗာဂျာဒေသနှင့် တောင်ဝါဇီရစ္စတန်လူမျိုးစုဒေသများ၌ စစ်ဆင်ရေးများ အောင်မြင်စွာပြုလုပ်နိုင်ခဲ့ပြီး အဆိုပါဒေသများသည် ပါကစ္စတန်နိုင်ငံ၏ အနောက်မြောက်ပိုင်းဒေသများဖြစ်ပြီး တီရတ်-အီ-တာလီဘန်တို့ စိုးမိုးရာဒေသများဖြစ်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ယူကရိန်း ဓာတ်ငွေ့ပို့လွှတ်ရေး ဆွေးနွေးရန် အသင့်ရှိ

ကီယက်ဗ် ဧပြီ ၄

ယူကရိန်းနိုင်ငံအနေဖြင့် ယူကရိန်းဓာတ်ငွေ့ပိုက်လိုင်းဖြတ်သန်းသည့်စနစ် အဆင့်မြှင့်ရေးဆောင်ရွက်ရာတွင် ရုရှားအစိုးရနှင့် ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးရန်အသင့်ရှိကြောင်းဖြင့် ယူကရိန်းဝန်ကြီးချုပ် မိုင်ကိုလာအာဇာရော့ဗ်က ဧပြီ ၁ရက်၌ ပြောကြားသည်။

မိမိတို့အနေဖြင့် ဓာတ်ငွေ့ပို့လွှတ်ရေးစနစ် ခေတ်မီတိုးတက်ရေးအတွက် ဆွေးနွေးသွားရန် အသင့်ရှိကြောင်း ယူကရိန်း ဝန်ကြီးချုပ်က ၎င်းသည်တော် ရုရှားပထမ ဒုတိယဝန်ကြီးချုပ် အိုင်ဂေါ်ရှူဗာလော့ဗ်နှင့် တွေ့ဆုံဆွေးနွေးစဉ် ထည့်သွင်းပြောကြားသည်။

ပို့လွှတ်ပေးနိုင်

ယူကရိန်းနိုင်ငံ၏ ဓာတ်ငွေ့ပိုက်လိုင်းစနစ်သည် တစ်နှစ်လျှင် သဘာဝဓာတ်ငွေ့ကုဗမီတာ ဘီလီယံ ၁၅၀ခန့်သာ ပို့လွှတ်နိုင်ကြောင်း၊ အကယ်၍ ထိုဓာတ်ငွေ့ပိုက်လိုင်းစနစ်ကို အဆင့်မြှင့်နိုင်မည်ဆိုပါက တစ်နှစ်လျှင် ကုဗမီတာ ဘီလီယံ ၂၀၀အထိ ပို့လွှတ်ပေးနိုင်မည်ဖြစ်ကြောင်း အာဇာရော့ဗ်က ပြောကြားသည်။ ***အမ်အင်န်အေ၊ဆင်ဟွာ***

ဘိန်းဖြူ ၄၁ ကီလိုဂရမ် တူရကီရဲတပ်ဖွဲ့ သိမ်းဆည်းရမိ

အင်ကာရာ ဧပြီ ၄

တူရကီနိုင်ငံအရှေ့ပိုင်း အာဂရီပြည်နယ်၌ ဧပြီ ၃ရက်က မူးယစ်ဆေးဝါးတိုက်ဖျက်မှုစစ်ဆင်ရေးအတွင်း ဘိန်းဖြူ ၄၁ကီလိုဂရမ်ကို တူရကီလုံခြုံရေးတပ်ဖွဲ့က သိမ်းဆည်းနိုင်ခဲ့ကြောင်း အစိုးရအာဘော်တစ်ပိုင်းဖြစ်သည့် အနာတိုလီယာသတင်းဌာနက ထုတ်ပြန်ကြေညာသည်။

သယ်ဆောင်

ယင်းပြည်နယ်မှ အစ္စတန်ဘူလ်မြို့သို့ မောင်းနှင်လာသည့် ခရီးသည်တင်ယာဉ်ကို လုံခြုံရေးတပ်ဖွဲ့က စစ်ဆေးရှာဖွေစဉ် ထိုင်ခုံအောက်နှင့်ကားမျက်နှာကြက်တို့၌ လျှို့ဝှက်သယ်ဆောင်လာသည့် ဘိန်းဖြူများကို သိမ်းဆည်းရမိလိုက်ကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

အရေးပါ

အာရှနှင့်အရှေ့အလယ်ပိုင်းဒေသများမှ ဥရောပအနောက်ပိုင်းသို့ မူးယစ်ဆေးမှောင်ခိုတင်သွင်းရာ၌ တူရကီနိုင်ငံသည် အဓိကအရေးပါသည့် လမ်းကြောင်းဖြစ်သည်။

တူရကီနိုင်ငံတွင် ၂၀၀၉ခုနှစ်အတွင်း မူးယစ်နှိမ်နင်းရေး၌ ဘိန်းဖြူ ၁၂ဒသမ၂တန်၊ ဆေးခြောက် ၂၅ဒသမ၈တန်နှင့် စိတ်ကြွဆေးပြား ၃၅၁၇၇၀ တို့ကို သိမ်းဆည်းနိုင်ခဲ့ကြောင်း အဆိုပါသတင်းတွင် ဖော်ပြသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**


တရုတ်နိုင်ငံ ရှန်ဟိုင်းကမ္ဘာ့ကုန်စည်ပြပွဲ၌ပါဝင်ပြသမည့် ဇရာမရုပ်တုကြီး ထုဆစ်လုပ်နေသည့် ပန်းပုလက်ရာကို ဧပြီ၃ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

အမေရိကန် လက်နက်ခဲယမ်းများ မက္ကဆီကိုသို့ မှောင်ခိုတင်သွင်း

မက္ကဆီကိုစီးတီး ဧပြီ ၄

မက္ကဆီကိုနိုင်ငံ၌ ပြီးခဲ့သည့်နှစ်အတွင်း သိမ်းဆည်းရမိသည့် လက်နက်မှောင်ခိုများ၏ ၉၅ရာခိုင်နှုန်းသည် အမေရိကန်နိုင်ငံမှဖြစ်ကြောင်း အမျိုးသားပြည်သူ့အဖွဲ့အစည်းများအဖွဲ့ (စီအင်န်အိုပီ)က ဧပြီ ၂ရက်၌ ပြောကြားသည်။

သိမ်းဆည်း

၂၀၀၉ ခုနှစ်အတွင်း၌ ခဲယမ်းမီးကျောက်များနှင့် ကျည်ဆန်ပေါင်းသုံးသန်းကျော်ကို မက္ကဆီကိုနိုင်ငံသို့ ခိုးယူတင်သွင်းလျက်ရှိရာ နေ့စဉ် ကျည်ဆန် ၈၃၀၀ကျော် သိမ်းဆည်းရမိကြောင်း ကာကွယ်ရေးဝန်ကြီးက ပြောကြားသည်။

အဆက်မပြတ်

အဆိုပါလက်နက်ခဲယမ်းများကို အမေရိကန်လက်နက်မှောင်ခိုသမားများနှင့် အမေရိကန်တောင်ပိုင်းရှိ လူဆိုးဂိုဏ်းများက မက္ကဆီကိုနိုင်ငံသို့ အဆက်မပြတ် မှောင်ခိုတင်သွင်းခြင်းဖြစ်သည်။ **(အင်တာနက်)**

နေတိုးတပ်ဖွဲ့ဝင်တစ်ဦး အာဖဂန်၌ ဗုံးထိမှန်သေဆုံး

ကဘူးလ် ဧပြီ ၄

မြောက်အတ္တလန္တိတ်စစ်စာချုပ်အဖွဲ့(နေတိုး) ဦးဆောင်သော နိုင်ငံတကာလုံခြုံရေးအထောက်အကူပြုတပ်ဖွဲ့ (အိုင်အက်စ်အေအက်ဖ်)မှ တပ်ဖွဲ့ဝင်တစ်ဦးသည် အာဖဂန်နစ္စတန်ရှိ စစ်မက်ဖြစ်ပွားနေသော တောင်ပိုင်းဒေသတွင် ဧပြီ ၁ရက်က ဗုံးခွဲတိုက်ခိုက်ခံရသဖြင့် သေဆုံးသွားကြောင်း နေတိုးတပ်ဖွဲ့ကထုတ်ပြန်သည့် ကြေညာချက်၌ ဖော်ပြထားသည်။

တိုက်ခိုက်ချေမှုန်း

အာဖဂန်နစ္စတန်နိုင်ငံ ကန်ဒါဟာပြည်နယ်နှင့် ဇာဘူးလ်ပြည်နယ်တို့တွင် တာလီဘန်စစ်သွေးကြွများအား တိုက်ခိုက်ချေမှုန်းသည့် စစ်ဆင်ရေးများ၌ ယခုနှစ်အတွင်း နေတိုးတပ်ဖွဲ့ဝင်များ ရာနှင့်ချီ၍သေဆုံးလျက်ရှိသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ကယ်ဆယ်ရေး ဆောင်ရွက်

တောင်ကိုရီးယား ရေတပ်သင်္ဘော နစ်မြုပ်ခဲ့သည့်နေရာ၌ ကယ်ဆယ်ရှာဖွေရေးလုပ်ငန်းများ ဆောင်ရွက်နေသည့်အဖွဲ့ကို ဧပြီ ၄ ရက်၌ တွေ့ရစဉ်။
(အင်တာနက်ဓာတ်ပုံ)

သုံးခွ၌ မြန်မာ့ဂုဏ်ရောင်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့် စာအုပ်မျိုးစုံနှင့် ငွေပဒေသာပင် ပေးအပ်လှူဒါန်း

ရန်ကုန် ဧပြီ ၄

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် ပတုပ်ကျေးရွာအုပ်စု သူကြီးပတုပ်ကျေးရွာတွင် နိုင်ငံတော်မတည်ငွေနှင့် ကျေးရွာနေပြည်သူများ စုပေါင်းလှူဒါန်းငွေဖြင့် ဆောက်လုပ်သည့် မြန်မာ့ဂုဏ်ရောင် စာကြည့်တိုက်အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို မတ် ၂၈ရက်က အဆိုပါ စာကြည့်တိုက်ရှေ့၌ ကျင်းပသည်။

ဖွင့်လှစ်

စာကြည့်တိုက်အဆောက်အအုံသစ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးကျော်သောင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူးဦးညွန့်ရွှေ၊ ကျေးရွာဥက္ကဋ္ဌဦးမြင့်ဆွေနှင့် စာကြည့်တိုက်ဥက္ကဋ္ဌ ဦးသိန်းဆောင် (ဝဲပုံ)တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် စာကြည့်တိုက်အတွက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာအုပ်မျိုးစုံ အုပ် ၁၅၀ ၊ အမှတ်(၁၁)ရပ်ကွက်နေ ဦးနေအေး ခနမိတ္တူက စာအုပ်မျိုးစုံ အုပ် ၅၀၊ သူကြီးပတုပ်ကျေးရွာနေ ဦးသိန်းဆောင်-ဒေါ်ခင်စန်းဝေ မိသားစုတို့က စာကြည့်တိုက်မြေနေရာ၊ ရုပ်မြင်သံကြားပြစက်နှင့် စာကြည့်တိုက်ငွေပဒေသာပင်အတွက် ငွေကျပ်ငါးသောင်းတို့ကို လှူဒါန်းကြသည်။ **(မြို့နယ် ပြန်/ဆက်)**

သက်ကြီးရွယ်အိုများ ကျန်းမာရေးစောင့်ရှောက်မှု ကျုံပျော်မြို့နယ် တောင်မန်းကြာကျေးရွာ၌ ကျင်းပ

ကျုံပျော် ဧပြီ ၄

ကျုံပျော်မြို့နယ် မန်းကြာအုပ်စု တောင်မန်းကြာကျေးရွာတွင် အသက်(၆၅)နှစ်နှင့်အထက် သက်ကြီးရွယ်အို အဘိုး၊ အဘွား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်း ဖွင့်ပွဲကို မတ် ၆ရက် နံနက်၉နာရီက ကျင်းပသည်။

လှူငွေ

အခမ်းအနားတွင် အလှူငွေပေးအပ်ပွဲ ကျင်းပရာ ဒေသခံပြည်သူများ ထည့်ဝင်ငွေကျပ် ၁၅၅၃၅၀၊ အလှူရှင် ဦးကျင်မောင်-ဒေါ်မြင့်ဆွေမိသားစုတို့က အလှူငွေကျပ် ၁၀၀၀၀၀ပေးအပ်လှူဒါန်းရာ တွဲဖက်အတွင်းရေးမှူးဦးမြင့်ကြိုင်က လက်ခံယူသည်။ **(ယာပုံ)**

ကုသ

အခမ်းအနားအပြီးတွင် အထောက်တိုက်နယ်ဆရာဝန် ဒေါက်တာစိုးသူရနှင့် ကျန်းမာရေးမှူးဦးကျော်မင်းဦးတို့အဖွဲ့က အဘိုး၊ အဘွား ၆၄ ဦးအား ဆေးကုသပေးခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

မိုး

သတိပြု

ကျေးရွာစာကြည့်တိုက် ပြန်လည်ဆောက်လုပ်ရေး ညှိနှိုင်းဆွေးနွေး

ဒေးဖုန်းယန် ဧပြီ ၄

ဗန်းမော်ခရိုင် ဒေးဖုန်းယန်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကျော်ထွန်း၊ စက်မှုလယ်ယာဦးစီးမှူးဦးစိုးဝင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဦးမြတ်သူရတို့အဖွဲ့သည် တာဆိုင်ကျေးရွာအုပ်စု အောက်တာဆိုင်ကျေးရွာသို့ မတ်၁၇ရက် နံနက်၁၀နာရီကရောက်ရှိပြီး ကျေးရွာဥက္ကဋ္ဌ၊ စာကြည့်တိုက်ကော်မတီဝင်များနှင့်တွေ့ဆုံကာ ကျေးရွာစာကြည့်တိုက် ဖွင့်လှစ်ထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက ကျေးရွာစာကြည့်တိုက် သတ်မှတ်စံ (၅)ချက် အစဉ်ပြည့်မီစေရေး ရှင်းလင်းဆွေးနွေး၍ စာကြည့်တိုက် အဆောက်အအုံသစ် ပြန်လည်ဆောက်လုပ်ရေး ညှိနှိုင်းဆွေးနွေးသည်။ **(မြို့နယ် ပြန်/ဆက်)**

ကွင်းဆင်းဆောင်ရွက်

ကော့သောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးအတွက် ရွှေပြည်သာရပ်ကွက်၌ အဖွဲ့ဝန်ထမ်းများနှင့် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို ဦးစီးအရာရှိ ဦးဘဝှမ်ဲ ကွင်းဆင်းဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ဟောပြော

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၄၂)ရပ်ကွက် ဗိုလ်မှူးဗထူးလမ်းမကြီးပေါ်ရှိ ယဉ်ကျေးလိမ္မာကလေးအထူးသင်တန်း၌ ဆရာဝန်စာရေးဆရာမ ဒေါက်တာနိုက်တင်ဂေးလ်(ခ)ယဉ်မင်းဦး(ဆေးတက္ကသိုလ်)က ဟောပြောစဉ်။

(စာပေနှင့်စာနယ်ဇင်း)



နွေရာသီလူငယ်တင်းနစ်သင်တန်း ဖျာပုံမြို့၌ ဖွင့်လှစ်သင်ကြား

ဖျာပုံ ဧပြီ ၄

မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်၊ မြို့နယ် အား/ကာကော်မတီ၊ မြို့နယ်ပညာရေးဌာန၊ မြို့နယ်သဟာယတင်းနစ်ကလပ်နှင့် World Vision Myanmar တို့ပူးပေါင်းစီစဉ်ဖွင့်လှစ်သည့် နွေရာသီလူငယ်တင်းနစ် သင်တန်းဖွင့်ပွဲကို မတ် ၂၃ရက် နံနက် ၈ နာရီက ဖျာပုံတင်းနစ်အားကစားကွင်း၌ ကျင်းပသည်။ **(ဝဲပုံ)**

ဖွင့်လှစ်ပို့ချ

သင်တန်းတွင် သင်တန်းနည်းပြငါးဦးက နံနက်ပိုင်းတစ်ကြိမ်၊ ညနေပိုင်းတစ်ကြိမ် သင်တန်းပို့ချပြီး သင်တန်းသို့ သင်တန်းသား ၄၅ ဦး၊ သင်တန်းသူ ၃၀ စုစုပေါင်း ၇၅ဦးတက်ရောက်ကြကာ သင်တန်းကို ဧပြီ ၉ ရက်အထိ ဖွင့်လှစ်ပို့ချလျက်ရှိသည်။ **(ခရိုင် ပြန်/ဆက်)**

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းသည်

ဂျာမန်တပ်ဖွဲ့ဝင်များ ပစ်ခတ်မှု အာဖဂန်ငါးဦးသေဆုံး

အာဖဂန်နစ္စတန်နိုင်ငံတွင် ဝင်ရောက်နေသော ဂျာမန်တပ်ဖွဲ့ဝင်များက နိုင်ငံမြောက်ပိုင်းရှိ ကွန်ဒက်စ်ပြည်နယ်တွင် ဧပြီ ၄ရက်က ပစ်ခတ်မှုကြောင့် အာဖဂန်တပ်ဖွဲ့ဝင်ငါးဦးသေဆုံးခဲ့ကြောင်း အာဖဂန်အရာရှိများက ပြောကြားသည်။

အစ္စရေးကို ဒုံးကျည်များဖြင့် ဆက်လက်တိုက်ခိုက်မည်

ပါလက်စတိုင်းလက်နက်ကိုင်တိုက်ခိုက်ရေးသမားများဖြစ်သည့် ဟားမတ်စ်အဖွဲ့က အစ္စရေးတောင်ပိုင်းအား ဂါဇာကမ်းမြောင်မှနေ၍ ဒုံးကျည်ဖြင့် ဆက်လက်တိုက်ခိုက်သွားမည်ဖြစ်ကြောင်း ဧပြီ ၃ရက်က ထုတ်ဖော်ပြောကြားသည်။

အီရန်နျူကလီးယား ကုလသမဂ္ဂနှင့် ဆွေးနွေးမည်

အီရန်နိုင်ငံက နျူကလီးယားစက်ရုံပိုင်ဆိုင်မှု၊ တည်ဆောက်ထားမှုနှင့်ပတ်သက်ပြီး ကုလသမဂ္ဂနှင့် ဆွေးနွေးမည်ဖြစ်ကြောင်း အီရန်နျူကလီးယားအရာရှိက ဧပြီ ၄ရက်၌ ပြောကြားသည်။

အစ္စရေးနှင့်တူရကီ ကာကွယ်ရေးဆိုင်ရာများ ဆွေးနွေး

အစ္စရေးနှင့် တူရကီနိုင်ငံအကြား ကာကွယ်ရေးဆိုင်ရာ အချက်အလက်များကို သဘောတူညီခဲ့ကြကြောင်း၊ အစ္စရေးဒုံးကျည်များကို တူရကီသို့ တင်ပို့ရောင်းချပေးမည်ဖြစ်ကြောင်း အစ္စရေးအရာရှိများက ဧပြီ ၄ရက်၌ ပြောကြားသည်။

ဆီးရီးယားနိုင်ငံမြောက်ပိုင်း၌ ဗုံးပေါက်ကွဲ

ဆီးရီးယားနိုင်ငံမြောက်ပိုင်း နာဒူမြို့တွင် ဧပြီ ၄ရက်နံနက်က ဗုံးပေါက်ကွဲမှု ဖြစ်ပွားရာ နှစ်ဦးသေဆုံးပြီး သုံးဦးဒဏ်ရာ ရရှိခဲ့သည်။ *(အောက်ပုံ)*

တောင်ကိုရီးယားနှင့် မြောက်ကိုရီးယားဆွေးနွေးလို

နျူကလီးယားကိစ္စအပါအဝင် နှစ်နိုင်ငံဆက်ဆံရေး တိုးတက်ကောင်းမွန်စေရန်အတွက် တောင်ကိုရီးယားနိုင်ငံနှင့်တွေ့ဆုံဆွေးနွေးလိုကြောင်း မြောက်ကိုရီးယားကိုယ်စားလှယ်များက ဧပြီ ၄ ရက်၌ သတင်းထုတ်ပြန်သည်။

သီရိလင်္ကာမြောက်ပိုင်း၌ မြေပြိုမှု ဖြစ်ပွား

သီရိလင်္ကာနိုင်ငံမြောက်ပိုင်း ကူချက်ခရိုင်တွင် ဧပြီ ၄ ရက် နံနက်က မိုးသည်းထန်စွာရွာပြီး ရုတ်တရက် မြေပြိုမှုဖြစ်ပွား၍ နေအိမ်ငါးလုံးပျက်စီးကာ သုံးဦးသေဆုံးခဲ့ကြောင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သီရိလင်္ကာရဲတပ်ဖွဲ့က ပြောကြားသည်။

တရုတ်၌ မြေပြိုမှုဖြစ်ပွား၊ လေးဦးသေဆုံး

တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း စင်ကျန်းအူဂါ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ ဧပြီ ၃ရက်က မြေပြိုမှုဖြစ်ပွားရာ လေးဦးသေဆုံးကြောင်း၊ ယင်းဒေသသို့ ကယ်ဆယ်ရေးအဖွဲ့များရောက်ရှိခဲ့ကြောင်း ဒေသအာဏာပိုင်အဖွဲ့က ပြောကြားသည်။

ဂျပန် ဟိုကိုင်းဒိုးကျွန်းကမ်းလွန်၌ ငလျင်လှုပ်

ဂျပန်နိုင်ငံ ဟိုကိုင်းဒိုးကျွန်း ကမ်းလွန်တွင် ဧပြီ၄ရက်နံနက်က ရစ်ချ်တာစကေး ၆ ဒသမ ၄ အဆင့်ရှိ ငလျင်လှုပ်ခဲ့ကြောင်း၊ ဆူနာမီသတိပေးချက်ထုတ်ပြန်ခြင်းမရှိကြောင်း ဂျပန်အရာရှိများက သတင်းထုတ်ပြန်သည်။ ။ ***(အင်တာနက်)***

5-4 (05).pmd 1 4/5/2010, 1:31 AM

ခြိမ့်ခြိမ့်သဲသဲ စည်ကားသိုက်မြိုက်စွာ ကျင်းပမည့်

နေပြည်တော် မဟာသင်္ကြန်ပွဲတော်

သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံမှတ်တမ်း-သတင်းထောက်လေးနွယ်(မင်္ဂလာဒုံ)၊ စာမျက်နှာဖွဲ့စည်းမှု-ဝင်းချို(မြန်မာ့အလင်း)

နေပြည်တော် ဧပြီ ၄

သင်္ကြန်ကာလ ရောက်ရှိတော့မည်။ နှစ်သစ်ကူးသင်္ကြန်ပွဲတော်ကို စောင့်မျှော်သူတို့အတွက် စိတ်ပျော်ရွှင်ချမ်းမြေ့စရာ အချိန်အခါပင်ဖြစ်သည်။ နှစ်သစ်ကူးကာလတွင် ရေပက်ဖျန်းကြသည့် အစဉ်အလာကား မြန်မာလူမျိုးတို့၏ ချစ်စရာဓလေ့တစ်ခုပင်ဖြစ်ရာ အရွယ်မရွေး အားလုံးပျော်ရွှင်ရသည့် နှစ်သစ်ကူးနှစ်ဦးအစ ကာလပင်ဖြစ်သည်။

ရွှေသံလွင်မိသားစု မြန်မာ့ရိုးရာရေကစားမဏ္ဍပ်ကို နေပြည်တော်ဟိုတယ်ဇုန်ရှိ ရွှေဧည့်သည်ဟိုတယ်ရှေ့တွင် အပြီးသတ်တည်ဆောက်ပြီးပါက ဤသို့ တွေ့ရမည် ဖြစ်သည်။

မြန်မာနိုင်ငံတစ်ဝန်း မြို့ကြီး အသီးသီး၌သာမက ကျေးလက်နေ ပြည်သူများပါ ရေပက်ဖျန်းကြ၊ အလှူဒါန ပြုလုပ်ကြသည်မှာ ပျော်ရွှင်ကြည်နူး ချမ်းမြေ့စရာ မြင်ကွင်းများပင်ဖြစ်သည်။ နှစ်သစ်ကူးမဟာသင်္ကြန်တွင် ရေပက် မဏ္ဍပ်နှင့် ဖျော်ဖြေရေးမဏ္ဍပ်များကို လည်း မြန်မာနိုင်ငံတစ်ဝန်း မြို့ကြီး များ၌ တည်ဆောက်နေကြပြီဖြစ်သည်။ နေပြည်တော်တွင်လည်း မဟာသင်္ကြန် ကာလအတွင်း စည်ကားသိုက်မြိုက်မှု ရှိစေရန် နေပြည်တော် မြန်မာ့ရိုးရာ ယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ကျင်းပ ရေးဦးစီးကော်မတီကို ဖွဲ့စည်းကာ စနစ် တကျ ဆောင်ရွက်လျက်ရှိသည်။

စတင်ကျင်းပ

နေပြည်တော် မြန်မာ့ရိုးရာ ယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို ယခု နှစ်မှစတင်ကာ နှစ်စဉ်ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။ နေပြည်တော် စည်ပင်သာယာရေးကော်မတီ မြို့တော် ခန်းမ၌ ဇာတ်ဟိုမဏ္ဍပ် တည်ဆောက်ပြီး ယိမ်းအကပြိုင်ပွဲများ၊ မဟာသင်္ကြန် မဏ္ဍပ်ပြိုင်ပွဲများဖြင့် စည်ကားသိုက်မြိုက် စွာ ကျင်းပသွားမည်ဖြစ်ရာ နေပြည်တော်ရှိ ပြည်သူများအနေဖြင့် နှစ်သစ်ကူးနှစ်ဦး

သံမဏိဖရိန်များဖြင့် ခိုင်ခံ့စွာ ပြုလုပ်ထားသော ရွှေဧည့်သည် မဏ္ဍပ်မှာလည်း ဤသို့ အသွင်ဆန်း ဆန်းဖြင့် ခိုင်ခိုင်ခံ့ခံ့....။

သင်္ကြန်ပွဲတော်ကာလကို ရင်ခုန်ပျော်ရွှင်စွာ၊ ကြည်နူးစွာ ဖြတ်သန်းနိုင်တော့မည်ဖြစ် သည်။

တည်ဆောက်

နေပြည်တော်ဟိုတယ်ဇုန်တွင် မဟာ သင်္ကြန်မဏ္ဍပ်များ တည်ဆောက်နေပြီ ဖြစ်ရာ သတင်းအဖွဲ့အနေဖြင့် သွားရောက် လေ့လာကာ တာဝန်ရှိသူအချို့နှင့် တွေ့ဆုံ မေးမြန်းခဲ့သည်။ ဟိုတယ်ဇုန် လမ်း တစ်လျှောက်တွင် အစီအရီတည်ဆောက် နေသော မဏ္ဍပ်ကြီးများမှာ ကြီးမားပြီး ထုထည်ကောင်းကောင်းဖြင့် အခိုင်အခံ့ ပြုလုပ်နေကြောင်း တွေ့ရသည်။ အချို့ မဏ္ဍပ်များမှာ စတီးလ်ဖရိန်များဖြင့် စနစ် တကျ ခိုင်ခိုင်ခံ့ခံ့ တည်ဆောက်နေသည်ကို အားရဖွယ် မြင်တွေ့ရပြန်သည်။

ဒီဇိုင်းလှပ

ဟိုတယ်ဇုန် လမ်းမကြီးတစ်လျှောက် အပြိုင်အဆိုင်တည်ဆောက်နေသော မဟာ သင်္ကြန်မဏ္ဍပ်များအနက် ရှိုင်ရယ်ကုမုဒြာ ဟိုတယ်ရှေ့တွင် တည်ဆောက်နေသော မဟာသင်္ကြန်မဏ္ဍပ်ကို ဝင်ရောက်လေ့လာ ရာ ''နေပြည်တော် မဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်ရေးအတွက် ကျွန်တော် တို့ ပါဝင်ပူးပေါင်း ဆောင်ရွက်ခြင်းဖြစ်ပါ တယ်။ ရေကစားတဲ့နေရာက ဘေးတစ်ဖက် တစ်ချက်မှာရှိပြီး အလယ်မှာ ဖျော်ဖြေရေး စင်မြင့်ပါရှိမယ့် ကျွန်တော်တို့ မဏ္ဍပ်ကို ဒီဇိုင်းအလှပဆုံးဖြစ်အောင် တည်ဆောက် နေတာမို့ တစ်ရက်၊ နှစ်ရက် အတွင်းမှာ

''နေပြည်တော်ရဲ့ မဟာသင်္ကြန် ကို ပိုမိုစည်ကားအောင် ပါဝင်ပူးပေါင်း ခြင်း ဖြစ်ပါတယ်''

ဦးဇေယျာလှိုင် အင်ဂျင်နီယာ။

ပြီးစီးတော့မှာပါ''ဟု မဟာသင်္ကြန်မဏ္ဍပ် ကို တည်ဆောက်နေသော အင်ဂျင်နီယာ ဦးဇေယျာလှိုင်က သတင်းအဖွဲ့ကို ပြောပြ သည်။

ရှိုင်ရယ်ကုမုဒြာဟိုတယ်ရှေ့တွင် တည် ဆောက်ထားသည့် မဟာသင်္ကြန်မဏ္ဍပ်၌ The Three Plus တေးဂီတအဖွဲ့နှင့် အတူ နာမည်ကြီးအဆိုတော်များ၊ အနုပညာ ရှင်များနှင့် ယိမ်းအကအဖွဲ့များက မဟာ သင်္ကြန်ပွဲတော်ကာလအတွင်း ပရိသတ် များအား ဖျော်ဖြေကြမည်ဖြစ်သည်။

တိုင်ကြီးခိုင်ခံ့ရွှေမဏ္ဍပ်

ထို့အပြင် ရွှေမြန်မာဟိုတယ်ရှေ့တွင် လည်း တိုင်ကြီးခိုင်ခံ့များဖြင့် တည်ဆောက် လျက်ရှိသည့် မဟာသင်္ကြန်မဏ္ဍပ်ကြီးကို ခံ့ညားစွာ တွေ့မြင်ရသည်။ အလျားပေ ၂၀၀နှင့် အနံပေ ၄၀ ရှိသော ယင်းသင်္ကြန် မဏ္ဍပ်မှာ မကြာမီ တည်ဆောက် ပြီးစီး တော့မည့် အနေအထားကို တွေ့ရသည်။ ထို့အတူ ရတနာသိင်္ဃဟိုတယ်ရှေ့တွင် လည်း ထုထည်ကောင်းကောင်းဖြင့် ခံ့ညားထည်ဝါသော မဏ္ဍပ်ကြီးတစ်ခု ဆောက်လုပ်နေသည်ကို မြင်တွေ့ရသည်။

ရက်ပိုင်းသာလို

ရတနာသိင်္ဃဟိုတယ် မဏ္ဍပ်နှင့် ကပ်လျက်တွင် တော်ဝင်နေပြည်တော် ဟိုတယ်၏ မဟာသင်္ကြန်မဏ္ဍပ်မှာလည်း တည်ဆောက်နေဆဲဖြစ်ကြောင်း တွေ့ရှိ ရသည်။ အလျားပေ ၂၀၀ နှင့် အနံပေ ၄၀ ရှိသော မဏ္ဍပ်ဖြစ်ရာ ကြီးမားခံ့ညား

နေပြည်တော်ရှိ ရှိုင်ရယ် ကုမုဒြာဟိုတယ်၏ မဟာသင်္ကြန် မဏ္ဍပ် တည်ဆောက်ပြီးစီးမှုအခြေ အနေကို ဤသို့ မြင်တွေ့ရ သည်မှာ....။

လှသည်ကို တွေ့မြင်ရသည်။ ရက်ပိုင်း အတွင်း တည်ဆောက်မှုလုပ်ငန်းများ ပြီးစီး တော့မည်ဖြစ်ကြောင်းနှင့် ဝန်ကြီးဌာန ပေါင်းစုံမှ ယိမ်းအဖွဲ့များ၊ နာမည်ကြီး အဆိုတော်များက ရိုးရာမပျက် ဝတ်စား ဆင်ယင်ကာ ရေပက်ခြင်း၊ ဖျော်ဖြေခြင်း များကို မဟာသင်္ကြန်ကာလအတွင်း နေ့စဉ် ဆင်နွှဲသွားမည်ဖြစ်ကြောင်းသိရသည်။

အနုပညာသည်တို့ အားဖြည့်ကူညီ

တော်ဝင်နေပြည်တော်၏ မဏ္ဍပ် တွင် Spectrum တေးဂီတ တီးဝိုင်း နှင့် ကိုသျှန်ထွန်း (မြန်မာစာ) မြန်မာသံ တီးဝိုင်းတို့က တီးခတ်ပေးကြမည်ဖြစ်သည်။ ဖျော်ဖြေမှုအနေဖြင့် ဟေမာနေဝင်း၊ ထူးအယ် လင်း၊ မီးမီးခဲ၊ ကဗျာဘွဲ့မှူး၊ ချောစုခင်၊ လေးလေးဝါး၊ ရွှေရည်သိန်းတန်နှင့်စိုးအောင် စသည့် အနုပညာရှင်များက စည်ကား သိုက်မြိုက်စွာ ဖျော်ဖြေတင်ဆက်ကြမည် ဖြစ်သည်။ ထို့အပြင် ရုပ်ရှင်အနုပညာရှင်များ ဖြစ်သည့် အကယ်ဒမီရဲအောင်၊ သူထူးစံ၊ အကယ်ဒမီအိန္ဒြာကျော်ဇင်၊ အကယ်ဒမီ မို့မို့မြင့်အောင်၊ အကယ်ဒမီခိုင်ခင်ဦး၊ လှအဥ္ဈလီတင့်၊ စိုးပြည့်သဇင်နှင့် မိုးပြည့်ပြည့် မောင် စသူတို့လည်း ပါဝင်အားဖြည့် ကူညီကြမည်ဖြစ်သည်။

ရွှေဧည့်သည်ဟိုတယ်၏ မဟာသင်္ကြန် မဏ္ဍပ်ကို တည်ဆောက်နေသူ အင်ဂျင်နီယာ ဦးမင်းအောင်က ''နေပြည်တော် မဟာ သင်္ကြန် ပိုမိုစည်ကားအောင် ကျွန်တော် တို့က ပါဝင်အားဖြည့် ဆောင်ရွက်နေတာ ပါ။ ထူးထူးခြားခြား သံမဏိဖရိန်နဲ့ ပြုလုပ်ထားတာကတော့ နောက်နှစ်သင်္ကြန် တွေမှာ မဏ္ဍပ်အတွက် အသင့်ဖြစ်နေ အောင် စီစဉ်ထားခြင်းဖြစ်ပါတယ်''ဟု သံဖရိန်ဖြင့် တည်ဆောက်ရမှုကို ရှင်းပြ သည်။''

သင်္ကြန်ပီတိ

တစ်ဖန် မြတ်တော်ဝင်ဟိုတယ်၊ သင်္ဂဟဟိုတယ်၊ ရွှေနန်းတော်ဟိုတယ် များ၏ မဟာသင်္ကြန်မဏ္ဍပ်များကို လေ့လာခဲ့ရာ တည်ဆောက်နေဆဲဖြစ်ပြီး မကြာမီ ရုပ်လုံးပေါ်လာတော့မည်ဖြစ် ကြောင်း တွေ့ရသည်။

စိတ်ဝင်စားစရာ

မကြာမီကာလအတွင်း မဟာသင်္ကြန် ပွဲတော်ကာလ ရောက်ရှိတော့မည်။ ထိုသို့ သော ပျော်ရွှင်စရာ၊ စိတ်ဝင်စားစရာ၊ ကြည်နူးဖွယ်ရာ သင်္ကြန်ကို မျှော်မှန်းရင်း ပီတိတို့ ရင်ဝယ်ပိုက်ကာ ဖောက်သည် ချလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ကျုံပျော်မြို့နယ် မန်းစက္ကူကျေးရွာ၌ အလင်းရောင်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

ကျုံပျော် ဧပြီ ၄

(၆၅)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ဧရာဝတီတိုင်း ပုသိမ် ခရိုင် ကျုံပျော်မြို့နယ်၌ နိုင်ငံတော်မတည်ငွေနှင့် ကျေးရွာပြည်သူများမှ လှူဒါန်းသောငွေ ဖြင့် ပူးပေါင်းတည်ဆောက်သည့် မန်းစက္ကူကျေးရွာအလင်းရောင်စာကြည့်တိုက်အဆောက် အအုံသစ်ဖွင့်ပွဲနှင့် စာအုပ်လှူဒါန်းပွဲအခမ်းအနားကို မတ် ၁၅ရက် နံနက် ၁၀နာရီက အဆိုပါစာကြည့်တိုက် အဆောက်အအုံရှေ့၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ အဆောက်အအုံသစ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးရဲဝင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်မိုး မြင့်၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်အောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ရှင်းလင်းဆွေးနွေး

ယင်းနောက် စာအုပ်လှူဒါန်းပွဲ အခမ်းအနားကိုကျင်းပရာ ခရိုင်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းမြင့်က အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေးဦးစီးအရာရှိ ဦးစန်းဝင်းက စာကြည့်တိုက်ဖွင့်လှစ်ရခြင်း ရည်ရွယ် ချက်နှင့် ကျေးရွာစာကြည့်တိုက်များ သတ်မှတ်စံ(၅)ချက်နှင့်အညီ ရှင်သန်ခိုင်မာရေး ရှင်းလင်းဆွေးနွေး ပြောကြားသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ မန်းစက္ကူကျေးရွာအလင်းရောင်စာကြည့်တိုက်အတွက် ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ခရိုင်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့နှင့် ကျေးရွာပြည်သူတို့က သုတ၊ ရသ စာအုပ်မျိုးစုံ ၈၄၅အုပ်ကို ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးမြင့်အောင်က လက်ခံယူပြီး ရပ်မိရပ်ဖတစ်ဦးဖြစ်သူ ဦးသန်းအေးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ **(မြို့နယ် ပြန်/ဆက်)**

5-4 (06).pmd 1 4/5/2010, 1:31 AM

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကိုကို ဖြူးချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်း လုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကိုကို ရေဝတီတိုင်း မအူပင်ခရိုင်နှင့် ပဲခူးတိုင်း ဖြူးမြို့နယ်အတွင်း လမ်း၊ တံတားနှင့် စိုက်ပျိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၄

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကိုကိုသည် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေလိုက်ပါလျက် မတ် ၃၁ ရက် နံနက် ၁၁ နာရီခွဲက မအူပင်-ရေလဲကလေး-ရွှေတောင်မော်-ကျိုက်ပိ-မော်လမြိုင်ကျွန်းလမ်း မိုင်တိုင်အမှတ်(၄၀/၇)ရှိ ရာဇဒိုင်တံတားအမှတ်(၁) တည်ဆောက်ရေးစီမံကိန်း ရှင်းလင်းဆောင်သို့ရောက်ရှိရာ တာဝန်ရှိသူများက စီမံကိန်းဆိုင်ရာ အချက်အလက်များနှင့် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက တံတားတည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ လုပ်ငန်းလိုအပ်ချက်များကို တာဝန်ရှိသူများအား မှာကြားကာ တံတားတည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်တွင် လုပ်ငန်းများဆောင်ရွက်နေမှုနှင့် ပြီးစီးမှုအခြေအနေများကို ရှင်းလင်းဆောင်မှ ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကိုကိုသည် တိုင်းမှူး၊ အဖွဲ့ဝင်များနှင့်အတူ မအူပင်မြို့နယ် ရေလဲကလေးကျေးရွာ ရွှေကုလားကျွန်းဆီစက်၌ ကျင်းပသည့် ဆီနေကြာ စိုက်ပျိုးကြိတ်ခွဲ ထုတ်လုပ်ရောင်းချမှုအလုပ်ရုံဆွေးနွေးပွဲသို့တက်ရောက်ပြီး ပြသထားသော နေကြာစေ့၊ ပဲအမျိုးမျိုးနှင့် ဖွဲနုဆီ၊ မြေပဲဆီ၊ နေကြာဆီတို့ကိုလည်းကောင်း၊ ရွှေကုလားကျွန်းဆီစက်၌ နေကြာဆီကြိတ်ခွဲထုတ်လုပ်နေမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့်မအူပင်မြို့နယ် အိုင်ဝိုင်းကျေးရွာရှိ စစ်မှုထမ်းဟောင်းကျေးရွာတည်ဆောက်ရေး စီမံကိန်းသို့ရောက်ရှိရာ စီမံကိန်းတာဝန်ခံက အိမ်ရာမြေအကွက်ချထားမှု၊ အိမ်ရာများတည်ဆောက်နေမှုနှင့် ပြီးစီးမှုအခြေအနေများကိုရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုသည် အိမ်ရာများ တည်ဆောက်နေမှုနှင့် ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ရင်းရင်းနှီးနှီးတွေ့ဆုံ

ထို့နောက် မအူပင်မြို့နယ် မလက်တိုကျေးရွာ၌ကျင်းပသော နွေစပါးစံပြကွက်ရိတ်သိမ်းပွဲသို့ရောက်ရှိပြီး ခေတ်မီလယ်ယာသုံးစက်ပစ္စည်းများ အသုံးပြု၍ နွေစပါးရိတ်သိမ်းခြွေလှေ့နေမှုကို လည်းကောင်း၊ ပြသထားသော စပါးမျိုးနမူနာများကိုလည်းကောင်း ကြည့်ရှုအားပေးကာ ဒေသခံတောင်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံသည်။

ဒုတိယဗိုလ်ချုပ်ကြီးကိုကို သည် ဧပြီ ၁ရက်နံနက်ပိုင်းက ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှမင်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ပဲခူးတိုင်း ဖြူးမြို့နယ်ရှိ ကွန်းချောင်းရေအားလျှပ်စစ်စီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ တာဝန်ရှိသူတစ်ဦးက စီမံကိန်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက သတ်မှတ် ကာလအတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားကာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ပြီးစီးမှုအခြေအနေများကို စီမံကိန်းရှုရပ်မှ ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ထိုမှတစ်ဆင့် ဖြူးချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ တာဝန်ရှိသူတို့က စီမံကိန်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုသည် ရေလှောင်တမံ ဘက်စုံစီမံကိန်းနှင့် ရေအားလျှပ်စစ်စီမံကိန်းတို့၏ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့ တပ်မတော်ခန်းမ၌ ကျင်းပသည့် အီလက်ထရွန်နစ်နှင့် လူသုံးကုန် ပစ္စည်းများပြပွဲတွင် ပါဝင်ပြသသော သရဖီ-ကိုရီးယားကြမ်းခင်းပြခန်းကို တွေ့ရစဉ်။

(သတင်းစဉ်)

အီလက်ထရွန်နစ်နှင့် လူသုံးကုန်ပစ္စည်းများပြပွဲ၌ သရဖီ-ကိုရီးယား ကြမ်းခင်းပြသ

ရန်ကုန် ဧပြီ ၄

Smart Business Group ကကြီးမှူး၍ အီလက်ထရွန်နစ်နှင့် လူသုံးကုန်ပစ္စည်းများပြပွဲကို ဧပြီ ၁ ရက်မှ ၄ ရက်အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ခင်းကျင်းပြသရောင်းချခဲ့သည်။

သတ်မှတ်ထား

အဆိုပါပြခန်းတွင် Tharaphee Engineering Group က တင်သွင်းသည့် Laminated Floor များသည် European Producer of Laminate Flooring (EPLF) Standard အရ AC 3 Rating ရှိသည်။ AC 3 Rating ကို ခြစ်ရာပွန်းရာခံနိုင်ခြင်း၊ အစွန်းအထင်းခံနိုင်ခြင်း၊ အရောင်လွင့်မသွားခြင်း၊ ဖိအားဒဏ်ခံနိုင်ခြင်း၊ ပရိဘောဂအရာများ မထင်ခြင်း၊ ထိပ်နှင့်ဘေးဘက်များ လန်မသွားခြင်း၊ အနည်းဆုံး ၁၀ နှစ်အထိ ခံနိုင်ရည်ရှိခြင်း၊ ခြမစားခြင်း၊ ရေစိုခံနိုင်ခြင်း စသည့်အချက်များအပေါ်မူတည်၍ သတ်မှတ်ထားသည်။ AC Rating မဖော်ပြနိုင်လျှင် Quality Laminated Floor မဖြစ်ကြောင်း သိရသည်။

ဖြန့်ချိ

Tharaphee Engineering Group ကတင်သွင်းသော Laminated Floor များကို ခင်းခြင်းဖြင့် ကုန်ကျစရိတ်သက်သာပြီး ရေရှည်အသုံးပြုနိုင်သည်။ အခြား Hard Wood Floor များ ခင်းခြင်း၏ ကုန်ကျစရိတ် သုံးပုံနှစ်ပုံ သက်သာစေသည်။ အမှတ် ၃၄၉(B) ဓေယျာခေမာလမ်း (၈)မိုင် မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၉-၅၁၁၅၅၃၀၊ ၀၉-၅၁၃၄၆၁၄ က တင်သွင်း ဖြန့်ချိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အားကစားဝန်ကြီးဌာန ဝန်ကြီး တံခွန်စိုက်ဖလား မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲနှင့် ပြည်နယ်နှင့်တိုင်း မြန်မာ့ရိုးရာ ခြင်းလုံးခတ်ပြိုင်ပွဲ ဆုချီးမြှင့်

ရန်ကုန် ဧပြီ ၄

အားကစားဝန်ကြီးဌာန၏ ညွှန်ကြားမှုဖြင့် အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသော ၂၀၁၀ ခုနှစ် ဆဋ္ဌမအကြိမ်မြောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး တံခွန်စိုက်ဖလား မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲနှင့် (၃၆)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲများ၏ ဆုချီးမြှင့်ပွဲ အခမ်းအနားကို မတ် ၁၉ရက်က မန္တလေးမြို့ရှိ ဗထူးမိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပသည်။

အလွတ်တန်းပြိုင်ပွဲ

ဝန်ကြီး တံခွန်စိုက်ဖလား အမျိုးသားလေးပေါက်တန်း (အငယ်တန်း)ပြိုင်ပွဲတွင် ကာကွယ်ရေး ဝန်ကြီးဌာနအသင်းက ပထမ၊အမှတ်(၁)စက်မှုဝန်ကြီးဌာနအသင်းက ဒုတိယ၊ ခေတ်ဆန်းမောင် အသင်းက တတိယ ရရှိသွားကြသည်။ အမျိုးသား အလွတ်တန်း အလှခတ်ပြိုင်ပွဲတွင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအသင်းက ပထမ၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန အသင်းက ဒုတိယ၊ ကာကွယ်ရေးဝန်ကြီး ဌာနအသင်းက တတိယ ရရှိကြသည်။

ဝန်ကြီးတံခွန်စိုက်ဖလား အမျိုးသား ပြိုင်ပွဲတွင် ကာကွယ်ရေးဝန်ကြီးဌာန အသင်းက ပထမ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်းက ဒုတိယ၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန အသင်းက တတိယ ရရှိကြသည်။ ဝန်ကြီးတံခွန်စိုက်ဖလား အမျိုးသမီး ပြိုင်ပွဲတွင် အမှတ်(၁) စက်မှုဝန်ကြီးဌာနအသင်းကပထမ၊ မန္တလေးတိုင်း အသင်းက ဒုတိယ၊ မန်းစည်ပင်အသင်းက တတိယ ရရှိကြသည်။

(၃၆)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ၏ အမျိုးသား ပြိုင်ပွဲတွင် မန္တလေးတိုင်းအသင်းက ပထမ၊ ရန်ကုန်တိုင်းအသင်းက ဒုတိယ၊ ဧရာဝတီ တိုင်းအသင်းက တတိယ ရရှိကြသည်။

အမျိုးသမီးပြိုင်ပွဲတွင်လည်း မန္တလေးတိုင်းအသင်းကပင် ပထမရရှိပြီး ရန်ကုန်တိုင်းအသင်းက ဒုတိယရရှိကာ ဧရာဝတီတိုင်းအသင်းက တတိယ ရရှိသည်။

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးကိုယ်စား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က (၃၆)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း မြန်မာ့ရိုးရာ ခြင်းလုံးခတ်ပြိုင်ပွဲတွင် ပထမရရှိသွားသော မန္တလေးတိုင်းအသင်းအား တံခွန်စိုက် ဒိုင်းဆုကြီးကို ပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မဟာသင်္ကြန်ပွဲတော်ရက်များအတွင်း ယာယီရေဆက်သွယ်ရန် ခွင့်ပြုမိန့်လျှောက်ထားနိုင်

ရန်ကုန် ဧပြီ ၄

မြန်မာသက္ကရာဇ် ၁၃၇၁ ခုနှစ် မဟာသင်္ကြန်ပွဲတော် ရက်များအတွင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင် ရေပိုက်၊ အင်းလျားကန်နှင့် ကန်တော်ကြီးကန်တို့မှ ရေဆက်သွယ်ကစားလိုသည့် ကိစ္စရပ်များ စီစဉ်ဆောင်ရွက်ပေးနိုင်ရန်အတွက် ယာယီရေဆက်သွယ်ရန် ခွင့်ပြုမိန့်ကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်း)သို့ ဧပြီ ၁၁ရက် မွန်းတည့် ၁၂နာရီ နောက်ဆုံးထား၍ လျှောက်ထားကြရမည်ဖြစ်သည်။

ပူးတွဲတင်ပြ

ခွင့်ပြုမိန့်လျှောက်ထားရာ၌ သတ်မှတ်လျှောက်လွှာတွင် သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူးနှင့် မြို့နယ် (ရေ/သန့်)တာဝန်ခံတို့၏ မှတ်ချက်ရယူပြီး အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)မှ မဏ္ဍပ်ဆောက်လုပ်ခွင့်ကို ပူးတွဲ၍ တင်ပြလျှောက်ထားရမည်ဖြစ်သည်။

အရေးယူမည်

ရေဆက်သွယ်မှုကို မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးရှိ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) ဝန်ထမ်းများက ရေကစားမဏ္ဍပ်သို့ ရေဆက်သွယ်သူများ လိုက်နာရန် စည်းကမ်းချက်များနှင့်အညီ ရေဆက်သွယ်ဆောင်ရွက်ပေးမည်ဖြစ်ပြီး ခွင့်ပြုမိန့်မရှိဘဲ ကော်မတီပိုင် ရေပိုက်များ၊ အင်းလျားကန်၊ ကန်တော်ကြီးကန်နှင့် အခြားမြေစိုက်ကန်များမှ ရေကိုဆက်သွယ်၍ ရေကစားခြင်း မပြုကြရန်နှင့် ကော်မတီပိုင် မီးသတ်ပိုက်ခေါင်းများမှ ရေကစားခြင်း လုံးဝ(လုံးဝ) မပြုလုပ်ရန်၊ ပြုလုပ်ပါက ဥပဒေစည်းကမ်းများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ ***(သတင်းစဉ်)***

(၆၅)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ကျောက်တံခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်သော ကျောက်တံခါးမြို့ ဗိုလ်ချုပ်လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း လမ်းဖွင့်ပွဲ အခမ်းအနားကို မတ် ၂၆ရက်က အဆိုပါလမ်းမုခ်ဦး၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမျိုးတင့်နှင့် အမှုဆောင်အရာရှိ (လက်ထောက်ညွှန်ကြားရေးမှူး) ဦးသင်းဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ်စည်ပင်)

■ *ရှေ့ဖုံးမှ*

စက်ရုံအတွင်းသို့ ဝင်ရောက်ကြည့်ရှုလေ့လာခွင့်ရခဲ့ရာတွင်လည်း ခေတ်မီစက်သစ်ကြီးများဖြင့် တာယာထုတ်လုပ်မှုလုပ်ငန်းကို တစ်ဆင့်ပြီးတစ်ဆင့် အဆင့်လိုက် စနစ်တကျ ဆောင်ရွက်နေသည်ကို တွေ့ရသည်။

စက်ရုံတည်ဆောက်ဖွင့်လှစ်ခဲ့မှုနှင့်ပတ်သက်၍ စက်ရုံမှူး အထွေထွေမန်နေဂျာ ဦးခင်မောင်သန်းအား မေးမြန်းကြည့်ရာတွင် ၎င်းက ဤသို့ရှင်းပြသည်။

အထောက်အကူပြု

"ပြည်တွင်းမှာလိုအပ်နေတဲ့ မော်တော်ယာဉ်တာယာတွေကို ထုတ်လုပ်ဖြန့်ဖြူးနိုင်ဖို့ ဒီစက်ရုံကို တည်ဆောက်ခဲ့တာပါ။ နောက်ပြီးတော့ တာယာနဲ့ ရော်ဘာသုံးပစ္စည်းတွေ ပြည်ပကနေ တင်သွင်းနေရမှုကို လျှော့ချနိုင်ဖို့နဲ့ သွင်းကုန်အစားထိုးနိုင်ဖို့၊ ရော်ဘာသုံးပစ္စည်း ထုတ်လုပ်မှုနည်းပညာ ပိုမိုမြင့်မားလာစေဖို့၊ အနာဂတ်မှာထွက်ရှိလာမယ့် ရော်ဘာတွေကို အဆင့်မြင့်လူသုံးကုန်ပစ္စည်းများအဖြစ် ပြောင်းလဲထုတ်လုပ်နိုင်ခြင်းဖြင့် နိုင်ငံ့ဝင်ငွေတိုးတက်လာစေဖို့၊ ဒေသတွင်းရှိ ပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းရရှိစေဖို့နဲ့ ဒေသဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်ဖို့အတွက် ရည်ရွယ်ပါတယ်။"

စက်ရုံကို ၂၀၀၈ခုနှစ် စက်တင်ဘာ ၉ရက်တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၀၉ခုနှစ် ဒီဇင်ဘာလတွင် စက်ရုံအဆောက်အအုံများ တည်ဆောက်ပြီးစီးရုံမျှမက စက်များပါ တပ်ဆင်ပြီးစီးခဲ့ကာ စမ်းသပ်လည်ပတ်နိုင်သည့် အဆင့်သို့ရောက်ခဲ့သည်။ အမှတ်(၂)စက်မှုဝန်ကြီးဌာနက တည်ဆောက်ခဲ့သည့် စက်ရုံများအနက် အမြန်ဆုံးတည်ဆောက်ပြီးစီးခဲ့သည့် စက်ရုံကြီးဖြစ်သည်။

စက်ရုံတွင် ထုတ်လုပ်မှုဆိုင်ရာ အဆောက်အအုံများ၊ အထောက်အကူပြု အဆောက်အအုံများ၊ သိုလှောင်မှုဆိုင်ရာ အဆောက်အအုံများနှင့် အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများဟူ၍ ခွဲခြားတည်ဆောက်ထားကြောင်း စက်ရုံမှူး

Compound Mixing Room

အမှတ်(၂) တာယာနှင့် ရော်ဘာပစ္စည်း ထုတ်လုပ်မှုစက်ရုံ(ဘီးလင်း) အတွင်းရှိ Compound Mixing Room ကို တွေ့ရစဉ်။



က ဆက်လက်ရှင်းလင်း ပြောကြားပြီး စက်ရုံအတွင်း တာယာထုတ်လုပ်မှု အဆင့်ဆင့်ကို လှည့်လည် ရှင်းလင်းပြသသည်။

ခေတ်မီစက်ကြီးများ

ထုတ်လုပ်မှုဆိုင်ရာ အဆောက်အအုံများတွင် Mixing Department နှင့် Radial Tyre Workshop တို့မှာ အဓိကကျသော အဆောက်အအုံများဖြစ်သည်။ ရှစ်ထပ်အဆောက်အအုံတစ်ခုဖြစ်သည့် Mixing Department တွင် သဘာဝရော်ဘာနှင့် အခြားဓာတုဗေဒ ကုန်ကြမ်းများကို အဆင့်ဆင့် ရောနှောပေးရသည်။ ထို့နောက် ထွက်ရှိလာသော ရော်ဘာကွန်ပေါင်းကို Radial Tyre Workshop သို့ ပို့ပေးရသည်။ Mixing Department နှင့် Radial Tyre Workshop တို့ကို တစ်ဆက်တစ်စပ်တည်း တည်ဆောက်ထားသည်။ Radial Tyre Workshop တွင် Component Shop၊ Cutting & Building Shop နှင့် Curing Shop တို့ပါဝင်ပြီး ရော်ဘာကွန်ပေါင်းမှ တာယာစိမ်း၊ ထိုမှတစ်ဆင့် တာယာကုန်ချောများဖြစ်လာအောင် ခေတ်မီစက်ကြီးများဖြင့် အဆင့်ဆင့် ထုတ်လုပ်နေသည်ကို တွေ့မြင်ရသည်။

ထို့အပြင် ထုတ်လုပ်မည့်တာယာများ၏ အရည်အသွေးကောင်းမွန်မှုနှင့် လုံခြုံစိတ်ချ အန္တရာယ်ကင်းစွာ မောင်းနှင်နိုင်ရေးအတွက် X-ray Tester နှင့် Uniformity Balancing Machine များဖြင့် သတ်မှတ်နာရီအထိ စမ်းသပ်မောင်းနှင်ပြီးမှ ဖြန့်ဖြူးရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စက်ရုံမှူးက ရှင်းပြသည်။

စက်ရုံမှ လူစီးမော်တော်ယာဉ်တာယာအမျိုးအစား (၁၁)မျိုးကို ထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ တာယာအမျိုးအစားနှင့် အသုံးပြုနိုင်သည့် ယာဉ်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

စဉ်	ထုတ်လုပ်မည့် တာယာအမျိုးအစား	အသုံးပြုသည့်ယာဉ်
(၁)	155R12	Publica, Sunny Pickup
(၂)	155/65 SR 13	SE Saloon
(၃)	165/80 SR 13	Corolla Van, Saloon
(၄)	165/70 SR 13	Corolla Van, Saloon
(၅)	175/70 SR 13	Corolla Van, Saloon
(၆)	185/70 SR 13	Corolla Limited
(၇)	185/70 SR 14	Mark II
(၈)	195/70 SR 14	Mark II
(၉)	205/60 SR 15	Toyota, Isuzu Double Cab
(၁၀)	235/75 SR 15	Myanmar Double Cab
(၁၁)	275/70 SR 16	Pajero, Land Cruiser, Surf

တာယာကုန်ချောထုတ်လုပ်နေမှု အဆင့်ဆင့်

အမှတ်(၂) တာယာနှင့် ရော်ဘာပစ္စည်း ထုတ်လုပ်မှုစက်ရုံ(ဘီးလင်း) အတွင်း ရော်ဘာ Compound မှ တာယာကုန်ချောထုတ်လုပ်နေမှု အဆင့်ဆင့်ကို တွေ့ရစဉ်။

တာယာအမျိုးအစားမှာ လက်ရှိအသုံးများနေသည့် ရေဒီယယ်တာယာ (Radial Tyre) အမျိုးအစားဖြစ်သည်။ ယခင်ရှိပြီးဖြစ်သည့် အမှတ်(၁) တာယာနှင့် ရော်ဘာပစ္စည်းထုတ်လုပ်မှုစက်ရုံ(သထုံ)ကမူ Bias တာယာ အမျိုးအစားကိုသာ ထုတ်လုပ်လျက်ရှိသည်။

သက်တမ်းရှည်ကြာ

ရေဒီယယ်တာယာသည် လူစီးမော်တော်ယာဉ်
ပြီး လမ်းချောများတွင် သွက်လက်စွာ မောင်းနှင်
တာယာတွင် ply အထပ်သားများကို ပန်းသား
၄၀ဒီဂရီခံ၍ တစ်လှည့်စီထပ်ထားသည်။ ရေဒီ
အထပ်သားများကို ပန်းသား၏ဗဟိုမျဉ်းအား ၉၀ဒီ
သည် ply အထပ်သားများပေါ်တွင် တာယာ၏အ
ခြင်းကြောင့် High Speed ဖြင့် မောင်းနှင်ရာ
မောင်းနှင်နိုင်ပြီး တာယာသက်တမ်း ပိုမိုရှည်ကြာ
မှ ထုတ်လုပ်မည့် ရေဒီယယ်တာယာများမှာ Belt
သည့် မြန်မာနိုင်ငံ၏လမ်းများနှင့် သင့်လျော်သော
Radial Tyre များကို ထုတ်လုပ်သွားမည်ဖြစ်ကြေ
သည်။

ရှင်းလင်းပြောကြား

စက်ရုံမှ တစ်နှစ်တာယာထုတ်လုပ်နိုင်မှုစွမ်း
ကြည့်ရာတွင် စက်ရုံမှူး ဦးခင်မောင်သန်းက "
တာယာအလုံးရေ သုံးသိန်း၊ တန်ချိန်အားဖြင့် ၂၆၀
ကုန်ထုတ်လုပ်မှုကို သတ်မှတ်ဒီဇိုင်းနဲ့အညီ ထု
ထုတ်လုပ်နိုင်အောင် အလေးထားဆောင်ရွက်နေပါ
စက်မှုလုပ်ငန်းသုံး အဆင့်မြင့်ရော်ဘာပစ္စည်းများ
ပိုက်၊ ဆေးရုံသုံး လက်အိတ်တွေနဲ့ အခြားစ

အမှတ်(၂) စက်မှုဝန်ကြီး
ထုတ်လုပ်လျက်ရှိသော တ

အမှတ်(၂) စက်မှုဝန်ကြီးဌာနမှ ထုတ်လု
များကို တွေ့ရစဉ်။



ပစ္စည်းတွေကိုလည်း ထုတ်လုပ်သွားမှာဖြစ်ပါတယ်
သည်။

မှတ်ပုံတင်ထား

နိုင်ငံတစ်ဝန်းလုံးတွင် မှတ်ပုံတင်ထားသော
သုံးသိန်းကျော်ရှိသည်။ ယင်းမော်တော်ယာဉ်များ
အမျိုးမျိုး အရေအတွက်မှာ စုစုပေါင်း ယာဉ်တစ်
မော်တော်ယာဉ်များအတွက် လိုအပ်သောတာယာ
မှာယူ တင်သွင်းနေရသည်။

တိုးချဲ့ထုတ်လုပ်

အမှတ်(၂) စက်မှုဝန်ကြီးဌာနအောက်ရှိ
အမှတ်(၁) တာယာနှင့် ရော်ဘာပစ္စည်းထုတ်လုပ်
တာယာ တစ်သိန်းကျော် ထုတ်လုပ်လျက်ရှိသည်။
တာယာအလုံးရေ သုံးသိန်းကို ထပ်မံတိုးချဲ့ထုတ်
ယာဉ်သုံးတာယာများ လိုအပ်ချက်ကို ထိရောက်စွ
မည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်

အမှတ် (၂)
တာယာနှင့် ရော်ဘာပစ္စည်းစက်

လူစီးမော်တော်ယာဉ်များအတွက် ရေဒီယယ်
ပေးမည့် အမှတ်(၂) တာယာနှင့် ရော်ဘာပစ္စည်းထု
ကို တွေ့ရစဉ်။



သက်တမ်းရှည်ကြာ

ရေဒီယယ်တာယာသည် လူစီးမော်တော်ယာဉ်များအတွက် ပေါ့ပါးခိုင်မာပြီး လမ်းချောများတွင် သွက်လက်စွာ မောင်းနှင်ရန်သင့်လျော်သည်။ Bias တာယာတွင် ply အထပ်သားများကို ပန်းသား၏ဗဟိုမျဉ်းအား ၃၆ဒီဂရီမှ ၄၀ဒီဂရီခံ၍ တစ်လှည့်စီထပ်ထားသည်။ ရေဒီယယ်တာယာတွင်မူ ply အထပ်သားများကို ပန်းသား၏ဗဟိုမျဉ်းအား ၉၀ဒီဂရီခံ၍ ထပ်ထားပြီး Belt သည် ply အထပ်သားများပေါ်တွင် တာယာ၏အဝန်းအလိုက် ထပ်အုပ်ထားခြင်းကြောင့် High Speed ဖြင့် မောင်းနှင်ရာတွင် ပိုမိုအန္တရာယ်ကင်းစွာ မောင်းနှင်နိုင်ပြီး တာယာသက်တမ်း ပိုမိုရှည်ကြာစေနိုင်မည်ဖြစ်သည်။ စက်ရုံမှ ထုတ်လုပ်မည့် ရေဒီယယ်တာယာများမှာ Belt ကို Steel ဖြင့် ပြုလုပ်ထားသည့် မြန်မာနိုင်ငံ၏လမ်းများနှင့် သင့်လျော်သော Semi Steel Belted Radial Tyre များကို ထုတ်လုပ်သွားမည်ဖြစ်ကြောင်း စက်ရုံမှူးက ရှင်းပြသည်။

ရှင်းလင်းပြောကြား

စက်ရုံမှ တစ်နှစ်တာယာထုတ်လုပ်နိုင်မှုစွမ်းရည်နှင့်ပတ်သက်၍ စူးစမ်းကြည့်ရာတွင် စက်ရုံမှူး ဦးခင်မောင်သန်းက "ဒီစက်ရုံကနေ တစ်နှစ်ကို တာယာအလုံးရေ သုံးသိန်း၊ တန်ချိန်အားဖြင့် ၂၆၀၈တန် ထုတ်လုပ်သွားမှာပါ။ ကုန်ထုတ်လုပ်မှုကို သတ်မှတ်ဒီဇိုင်းနဲ့အညီ ထုတ်လုပ်မှုစွမ်းအားအတိုင်း ထုတ်လုပ်နိုင်အောင် အလေးထားဆောင်ရွက်နေပါတယ်။ တာယာတွေအပြင် စက်မှုလုပ်ငန်းသုံး အဆင့်မြင့်ရော်ဘာပစ္စည်းများဖြစ်တဲ့ ဖိအားမြင့် ရော်ဘာပိုက်၊ ဆေးရုံသုံး လက်အိတ်တွေနဲ့ အခြားစက်မှုလုပ်ငန်းသုံး ရော်ဘာပစ္စည်းတွေကိုလည်း ထုတ်လုပ်သွားမှာဖြစ်ပါတယ်"ဟု ရှင်းလင်းပြောကြားသည်။

အမှတ်(၂) စက်မှုဝန်ကြီးဌာနမှ ထုတ်လုပ်လျက်ရှိသော တာယာများ

အမှတ်(၂) စက်မှုဝန်ကြီးဌာနမှ ထုတ်လုပ်လျက်ရှိသော တာယာများကို တွေ့ရစဉ်။

မှတ်ပုံတင်ထား

နိုင်ငံတစ်ဝန်းလုံးတွင် မှတ်ပုံတင်ထားသော မော်တော်ယာဉ်စီးရေမှာ သုံးသိန်းကျော်ရှိသည်။ ယင်းမော်တော်ယာဉ်များအပါအဝင် စက်တပ်ယာဉ်အမျိုးမျိုး အရေအတွက်မှာ စုစုပေါင်း ယာဉ်တစ်သန်းကျော်ရှိသည်။ ယင်းမော်တော်ယာဉ်များအတွက် လိုအပ်သောတာယာများကို နှစ်စဉ် ပြည်ပမှ မှာယူ တင်သွင်းနေရသည်။

တိုးချဲ့ထုတ်လုပ်

အမှတ်(၂) စက်မှုဝန်ကြီးဌာနအောက်ရှိ ယခင်ရှိနှင့်ပြီးဖြစ်သော အမှတ်(၁) တာယာနှင့် ရော်ဘာပစ္စည်းထုတ်လုပ်မှုစက်ရုံ(သထုံ)မှ နှစ်စဉ် တာယာ တစ်သိန်းကျော် ထုတ်လုပ်လျက်ရှိသည်။ ယခု အမှတ်(၂) စက်ရုံမှ တာယာအလုံးရေ သုံးသိန်းကို ထပ်မံတိုးချဲ့ထုတ်လုပ်မည်ဖြစ်ရာ မော်တော်ယာဉ်သုံးတာယာများ လိုအပ်ချက်ကို ထိရောက်စွာ ဖြည့်ဆည်းပေးနိုင်တော့မည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

အမှတ် (၂)
တာယာနှင့် ရော်ဘာပစ္စည်းစက်ရုံ (ဘီးလင်း)

လူစီးမော်တော်ယာဉ်များအတွက် ရေဒီယယ်တာယာများ ထုတ်လုပ်ပေးမည့် အမှတ်(၂) တာယာနှင့် ရော်ဘာပစ္စည်းထုတ်လုပ်မှုစက်ရုံ(ဘီးလင်း)ကို တွေ့ရစဉ်။

ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်း ဗီယက်နမ်နိုင်ငံ ရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုဘဏ် ကိုယ်စားလှယ်ရုံးဖွင့်ပွဲ တက်ရောက်

ရန်ကုန် ဧပြီ ၄

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုဘဏ် (BIDV) ကိုယ်စားလှယ်ရုံးဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ ညနေ ၄နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ Ruby Land Plaza ၌ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ အလုပ်သဘောခရီးရောက်ရှိနေသော ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်း တက်ရောက်သည်။

တက်ရောက်

အဆိုပါ ဖွင့်ပွဲ အခမ်းအနားသို့ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးသူရိန်ဇော်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးခင်မောင်စိုး၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chu Cong Phung နှင့် သံရုံးအဖွဲ့ဝင်များ၊ ဗီယက်နမ်-မြန်မာ နှစ်နိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဗီယက်နမ်အမျိုးသား၊ အမျိုးသမီးလေးများက ဗီယက်နမ်သီချင်း၊ ဗီယက်နမ်ရိုးရာအကများဖြင့် သီဆိုကပြ တင်ဆက်ကြသည်။

ထို့နောက် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ Vice General Director of BIDV, Mr. Le Dao Nguyen က အဖွင့်အမှာစကားပြောကြားသည်။

ရှင်းလင်းပြောကြား

ဆက်လက်၍ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေက ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ Vice General Director of BIDV, Mr. Le Dao Nguyen ထံ ဘဏ်လုပ်ငန်းလိုင်စင်ကို ပေးအပ်ပြီး ဘဏ်လုပ်ငန်းဆိုင်ရာများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်းနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုဘဏ်(BIDV) ကိုယ်စားလှယ်ရုံးဥက္ကဋ္ဌ Mr. Tran Bac Ha တို့က အမှာစကားပြောကြားကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဗိုလ်မှူးကြီးလှသိန်းဆွေနှင့် ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ သံအမတ်ကြီးတို့က ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုဘဏ်(BIDV) ကိုယ်စားလှယ်ရုံးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ယင်းနောက် ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်းနှင့် ဧည့်သည်တော်များသည် ကိုယ်စားလှယ်ရုံးခန်းအတွင်း လှည့်လည်ကြည့်ရှုကြပြီး ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်းသည် BIDV ကိုယ်စားလှယ်ရုံး ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးသည်။

တည်ခင်းဧည့်ခံ

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ညပိုင်းတွင် ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည့် မြန်မာနိုင်ငံရှိ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုဘဏ် (BIDV) ကိုယ်စားလှယ်ရုံးနှင့် ဟန္နိုင်း-ရန်ကုန်-ဟန္နိုင်းပြေးဆွဲလျက်ရှိသော ဗီယက်နမ်လေကြောင်းလိုင်းတို့က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ချီးမြှင့်ကြသည်။

(သတင်းစဉ်)

Samsung Electronic ကုန်ပစ္စည်းများ ရောင်းချလျက်ရှိ

ရန်ကုန် ဧပြီ ၄

အီလက်ထရွန်နစ်နှင့် လူသုံးကုန်ပစ္စည်းများပြပွဲကို ဧပြီ ၁ရက်မှ ၄ရက်အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ခင်းကျင်းပြသခဲ့ရာ A.A. Electronic ကုမ္ပဏီလီမိတက်က Samsung Electronic ကုန်ပစ္စည်းများဖြစ်သော ရုပ်ထွက်ကြည်လင်ပြတ်သားပြီး နောက်ဆုံးပေါ်နည်းပညာများဖြင့် ထုတ်လုပ်ထားသည့် LED/ LCD/ CRT TV ရုပ်မြင်သံကြားဖမ်းစက်အမျိုးမျိုး၊ DVD Player အမျိုးမျိုး၊ နောက်ဆုံးပေါ် Camera အမျိုးမျိုးအပြင် Air Con, Refrigerator နှင့် Washing Machine ကုန်ပစ္စည်းများကို ခင်းကျင်းပြသ ရောင်းချခဲ့သည်။

ဒီဇိုင်းသစ်များ

အထူးသဖြင့် ရေခဲသေတ္တာများကို ရောင်းချပေးလျက်ရှိရာ လျှပ်စစ်မီးပြတ်တောက်သွားသည့်အခါ အအေးဓာတ်ကို သာမန်ရေခဲသေတ္တာထက် အချိန်ပိုမိုကြာမြင့်အောင် ထိန်းသိမ်းထားနိုင်သော MR. Cool Pack နည်းပညာနှင့် နောက်ဆုံးပေါ် ခေတ်မီဒီဇိုင်းသစ်များဖြင့် ထုတ်လုပ်ထားခြင်းဖြစ်သည်။ ထို့အပြင် လေအေးပေးစက်များသည် Silver Nano လေစစ်ဆန်ခါမှ ဗက်တီးရီးယားများကို ၉၉ရာခိုင်နှုန်းအထိ သုတ်သင်ဖယ်ရှားပေး၍ ရှူရှိုက်နေသောလေကို ဗက်တီးရီးယားကင်းမဲ့စေခြင်း၊ Silver Nano နည်းပညာက လေစစ်ဆန်ခါပေါ်တွင် မှိုများမပေါက်ပွားနိုင်အောင် တားဆီးပေးခြင်း၊ မီးပျက်သွားပြီး မီးပြန်လာလျှင်လည်း အလိုအလျောက်လုပ်ဆောင်ပေးသော စနစ်ပါဝင်ခြင်း စသည်ဖြင့် ပြည့်စုံသည်။

အဝတ်လျှော်စက်များတွင်လည်း နောက်ဆုံးပေါ် နည်းပညာဖြစ်သော Diamond Drum (အဝတ်အစားများကို လက်ဖြင့်လျှော်သကဲ့သို့ ကြေးပြောင်စင်သည်) နှင့် Air Turbo Drying System ပါရှိသည့်အတွက် အဝတ်အစားများကို လျင်မြန်စွာ ခြောက်သွေ့စေပြီး အချိန်ကိုလည်း သက်သာစေသည်။

ဝယ်ယူနိုင်

ရုပ်မြင်သံကြားဖမ်းစက်တွင်လည်း 3D LED (Full HD) New Model များလည်း ဈေးကွက်အတွင်းသို့ မကြာမီ ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ပြီး အဆိုပါ လျှပ်စစ်ပစ္စည်းများကို ရန်ကုန်မြို့တွင် အမှတ် ၄၀၈/၄၁၀၊ မဟာဗန္ဓုလလမ်းနှင့် ၃၅လမ်းထောင့်၊ အမှတ် ၁၄၆/၁၅၂ ပန်းဆိုးတန်းလမ်းအလယ်၊ အမှတ် ၃၁၇ မဟာဗန္ဓုလလမ်းနှင့် ဗိုလ်အောင်ကျော်လမ်းထောင့်၊ မန္တလေးမြို့တွင် အမှတ် ၅၈၊ ၈၄လမ်း၊ ၂၅လမ်းနှင့် ၂၆လမ်းကြား၊ နေပြည်တော်တွင် အမှတ် ၁၀၊ ၆၁ (က) ဗိုလ်တာရာလမ်းတို့၌ ဝယ်ယူရရှိနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့ တပ်မတော်ခန်းမ၌ ကျင်းပသည့် အီလက်ထရွန်နစ်နှင့် လူသုံးကုန်ပစ္စည်းများပြပွဲတွင် A.A Electronic ပြခန်း၌ Samsung Electronic ကုန်ပစ္စည်းများ ပြသထားစဉ်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၅-၄-၂၀၁၀

(တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ တရားတော်
- ၇:၁၀ ၃။ ဓမ္မပူဇာတေး
- ၇:၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၆။ မြန်မာသံစဉ် ချိုနားဝင်
- ၇:၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၅ ၃။ အမျိုးသားရေးတေးကဗျာ
- ၄:၂၀ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၃၀ ၅။ မျိုးချစ်တပ်မတော်
- ၄:၄၀ ၆။ စိုက်ပျိုးသုတ
- ၄:၅၀ ၇။ မြတ်နိုးကြစေ အမျိုးသားအမွေ
- ၅:၂၀ ၈။ ဗွီစီဒီကျော်ကြားတေးများ
- ၅:၄၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
- ၆:၂၀ ၁၂။ လျှပ်တစ်ပြက်
- ၆:၄၀ ၁၃။ သံစဉ်လမ်းက လင်းလက်ကြယ်
- ၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မုန်းမုန်းမေ့မေ့** (အပိုင်း-၆၅)
- ၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ နိုင်ငံတကာသတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ Talk of the Town
- ၂၀။ မေးမြန်းစူးစမ်း
- ၂၁။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
- ၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၃။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **ခေတ်တစ်ခေတ်ရဲ့ သူ့ရဲကောင်း** အပိုင်း (၃၄)

ကိုယ့်ဝန်တာ

မိပြည်ချစ်

"နှမ်းတစ်လုံး"နှင့် ဆီမဖြစ်သော်လည်း "နှမ်းစေ့ပေါင်း"များစွာ စုစည်းပေါင်းစပ်ပါဝင်ပါက အမှန်ပင် ဆီဖြစ်နိုင်ပါသည်။ ဒီမိုကရေစီသို့ ကူးပြောင်းရန် ပြည်သူတစ်ရပ်လုံး စိတ်ဆန္ဒတူ၊ ရည်ရွယ်ချက်တူစွာ အားသွန် ကြိုးပမ်းကြရမည့်ယခုအချိန်တွင် ကျယ်ပြန့်သော"အမြင်များ"၊ "အတွေးများ"၊ "အကြံဉာဏ်များ"၊ "ဗဟုသုတများ" များစွာ များစွာ လိုအပ်ပါသည်။ ယခုအခါ သတင်းဂျာနယ်များတွင် ယခင့် ယခင်က နိုင်ငံရေးသမိုင်းကြောင်းများ၊ ဖြစ်စဉ်များ၊ ယူဆ လုပ်ဆောင်ချက်များ၊ ကာတွန်းများ၊ ဆောင်းပါးများ၊ သတင်းများ၊ ဓာတ်ပုံများကို စိတ်ရင်း စေတနာမှန်စွာ ဂုဏ်သိက္ခာရှိရှိ ဖော်ပြပေးနေကြသည့်အတွက်လည်း ဝမ်းမြောက် ကျေးဇူးတင် ဂုဏ်ယူမိပါသည်။

ယခုအခါ အသက် ၆၀ ဝန်းကျင်ရှိ မြန်မာပြည်တစ်ဝန်းလုံးမှ တိုင်းရင်းသားညီအစ်ကို မောင်နှမသားချင်းအားလုံးသည် "ထိုတစ်ခေတ်-တစ်ခါ-တစ်ချိန်"ကို ကျော်ဖြတ်ခဲ့ဖူးကြပြီး ဖြစ်ပါသည်။ ထိုဝန်းကျင် အားလုံး၏ အကျင့်စရိုက်၊ အတွေးအခေါ်၊ စားသောက်နေထိုင်ပုံ၊ မိဘများ၏ စီမံအုပ်ချုပ်မှုစရိုက်များသည် တစ်ဦးနှင့်တစ်ဦး ထူးထူးခြားခြား ကွာခြားလှမည် မထင်ပါ။ မိဘဘိုးဘွားများ၏ စကားအတိုင်း လိုက်နာနေထိုင်ခဲ့ကြပြီး အရွယ်ရောက်ချိန်တွင် တစ်အိုးတစ်အိမ်ထူထောင်ကာ ဘဝကိုရုန်းကန်ကြရာတွင်လည်း စည်းစနစ်တကျ၊ ခြိုးခြံချွေတာ၊ အသုံးအဖြုန်းခွဲခြားပြီး နေထိုင်ခဲ့ကြရပါသည်။ "ဘဲဥဆယ်လုံး တစ်ကျပ်" ဖြစ်သော်လည်း တစ်ခြမ်းစီသာ စားခဲ့ရသည်ကို မေ့ကြမည်မဟုတ်ပါ။

ထိုမှတစ်ဆင့် သားသမီးများ လက်ထက်တွင် "ထိုတစ်ချိန်" ထက်တော့ အဆင့်မြင့်မြင့် ပေါပေါများများပို၍ သုံးစွဲနေထိုင်ခွင့်ပြုထားပြီးဖြစ်သည်ကို ငြင်းဆို၍ မရနိုင်ပါ။ ထို့အတူ "မြေး"များ လက်ထက်တွင် ပို၍အလိုလိုက် အကြိုက်ဆောင်နိုင်ခဲ့ပါပြီ။ စာသင်ကျောင်း၊ အဝတ်အထည်၊ အသုံးအဆောင်၊ လူနေမှုပတ်ဝန်းကျင်၊ လူမှုစီးပွားဘဝများသည် အဘိုးအဘွားတို့ခေတ်ထက် ပို၍မြင့်မားလာပါသည်။ ယခင်အခြေအနေမှ အမှန်ပင် တစ်ဆင့်တိုးတက် ပြောင်းလဲလာခဲ့ပြီ ဖြစ်ပါသည်။

သို့သော် မပြောပလောက်သော အချို့မှာမူ အခြေအနေ အကြောင်းကြောင်းတို့ကြောင့် ကျေးလက်တောရွာမှ မြို့၊ မြို့မှ ခရိုင်မြို့ကြီး၊ ခရိုင်မြို့ကြီးများမှ မြို့တော်နေပြည်တော်နှင့် ရန်ကုန်၊ ထိုမှ နိုင်ငံရပ်ခြားဒေသများသို့တိုင် ရေကြည်ရာ မြက်နုရာ ရှာဖွေရင်း ပြောင်းရွှေ့လုပ်ကိုင်လာခဲ့ကြပါသည်။ ထိုသို့ပြောင်းရွှေ့ကြရာတွင် မူလအခြေအနေထက် အခြေအနေပိုကောင်းသောနေရာသို့ ရောက်ကြသူများရှိသလို အခြေအနေ မဟန်သူများလည်း ရှိပါသည်။ အခြေအနေဟန်သူများအနေနှင့် "ငါသည် မြန်မာ"ဆိုသည်ကို မမေ့သင့်သလို အခြေအနေမဟန်သူများကလည်း မြန်မာဖြစ်ရခြင်းကို "ရှက်ဖွယ်ဝမ်းနည်းဖွယ်" အဖြစ် မမြင်သင့်ပါ။ ဗုဒ္ဓတရားတော်နှင့်အညီ ကံ ကံ၏အကြောင်းတရားကိုလည်း လက်ခံကြရပါမည်။ ထိုသို့ဖြစ်ရခြင်းကို လက်မခံဘဲ လောကကြီးကို အပြစ်တင်ရန်၊ မကျေမနပ်ဖြစ်နေရန် မသင့်ပါ။ ဆင်းရဲဒုက္ခများ၊ အနိဋ္ဌာရုံများ၊ လောကဓံမုန်တိုင်းများ ကြုံတွေ့ကြပါလျှင် မြတ်ဗုဒ္ဓ၏ ဒေသနာတော်ကို ပိုမိုလေ့လာ ဖတ်ရှုသင့်ပါသည်။ ဖတ်ရှုပြီး လေ့ကျင့်ပွားများအပ်ပါသည်။

တရားဂုဏ်တော်ခြောက်ပါးထဲတွင် လက်ငင်းအကျိုးပေးနိုင်မည့်၊ နောင်အခါကျမှ အကျိုးပေးနိုင်မည့်၊ ပြုသူအတွက် အချိန်ကာလမရွေး အကျိုးပေးနိုင်မည့် ဂုဏ်တော်များကို လေ့လာလျှင် တွေ့ရှိနိုင်ပါသည်။

ဗုဒ္ဓဘာသာဝင် မြန်မာပြည်သူများအတွက် သရဏဂုံသုံးပါး၊ ငါးပါးသီလ၊ အနန္တောအနန္တငါးပါး၊ ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာဂုဏ်များ ရွတ်ဖတ် မှတ်သင့်သော ပရိတ်ပဋ္ဌာန်းများ၊ အာဂုံဆောင်သင့်သော ဂါထာမန္တရားများ၊ ပုတီးစိပ်အမျိုးမျိုး၊ ပွားများအပ်သော ဘာဝနာကမ္မဋ္ဌာန်းများ ရှိပြီးဖြစ်ပါသည်။

ချမ်းသာကြွယ်ဝခြင်း၊ ဆင်းရဲမွဲတေခြင်း၊ ကျန်းမာရေးချို့တဲ့ခြင်း စသော "ခြင်း"တိုင်းတွင် အကြောင်းနှင့်အကျိုးတရားများရှိပြီးဖြစ်သည်ကို တွေ့နိုင်ပါသည်။ အထူးသဖြင့် "စေတနာ" ကံများကလည်း လူမှုဘဝများကို ပြောင်းလဲစေနိုင်ပါသည်။ စေတနာသဒ္ဓါမှန်ဖြင့် လုပ်ဆောင်မှသာ အကျိုးကျေးဇူး ခံစားကြရပါမည်။

နိုင်ငံတကာဖြစ်စဉ်များကို လေ့လာလျှင် ကပ်သုံးပါးအနက် တစ်ပါးပါး ကြုံနေရသော၊ နှစ်ပါး သို့မဟုတ် သုံးပါးလုံးကြုံနေရသော နိုင်ငံများကို မြင်တွေ့ ဆင်ခြင်နိုင်ပါလျှင် "မြန်မာနိုင်ငံ"သည်သာ မြန်မာပြည်သူတို့အတွက် အကောင်းဆုံးအနေအထားဖြစ်သည်ကို သုံးသပ်တွေ့ရှိနိုင်ပါသည်။ လေးလေးနက်နက် ဆင်ခြင်သုံးသပ်လျှင် ကိုယ့်ရေကိုယ့်မြေသည်သာ ကိုယ်နှင့်သဟဇာတအဖြစ်ဆုံး၊ အသင့်လျော်ဆုံးဆိုသည်ကို အထင်အရှား တွေ့မြင်နိုင်မည် ဖြစ်ပါသည်။

အကြောင်းကြောင်းကြောင့် နိုင်ငံရပ်ခြားရောက်ရှိနေသူများအနေဖြင့် "မြတ်နိုးစဖွယ် အမိပြည်မြန်မာ" အကြောင်း ပြန်လည်ဆန်းစစ် သုံးသပ်ကြပြီး ကိုယ့်ရပ်ကိုယ့်မြေအတွက် စဉ်းစားကြစေချင်ပါသည်။ ချစ်မြတ်နိုးဖွယ် ဓလေ့များ၊ လူသားချင်း ထောက်ထားစာနာညှာတာမှုများ၊ ရေ လေ မြေ သဘာဝသန့်သန့်များ၊ စိမ်းစိုလန်းဆန်းသော သီးနှံများ၊ နှစ်လိုခင်တွယ်ဖွယ် မြင်ကွင်းများ စသည် စသည်တို့ဖြင့် ရှုမဆုံး တွယ်တာမဆုံးဖြစ်စေနိုင်သော အမိမြန်မာပြည်၏ တန်ဖိုးကို နားလည်ကြစေချင်ပါသည်။

လူကြီး၊ လူလတ်၊ လူငယ်များဖြင့် အဆင့်ဆင့် တစ်ခေတ်ပြီး တစ်ခေတ် လက်ဆင့်ကမ်းတိုးတက်ပြောင်းလဲလာပြီဖြစ်သော အမိမြန်မာပြည်ကို ကောင်းသည်ထက်ကောင်းအောင် တည်ဆောက်ကြရန် "တစ်ယောက် တစ်လက် တစ်အား"များစွာ လိုအပ်ပါသည်။ ကိုယ့်ပြည်ကိုယ် ချစ်မြတ်နိုးလျက် အတိတ်က ဘိုးဘွားတို့၏ ကြိုးစားရုန်းကန်ခဲ့ရပုံများကို တမ်းတမ်းတတ ပြောဆိုလွမ်းမောမိသလို အနာဂတ်သားမြေးတို့အတွက်လည်း မျှော်မှန်းစွမ်းဆောင်ကြရမည်သာ ဖြစ်ပါသည်။

တကယ်တမ်းတွင် မြန်မာနိုင်ငံကို မြန်မာနိုင်ငံသားများထက် မည်သည့်တိုင်းတစ်ပါးသားကမျှ ပို၍မချစ်နိုင်သည်မှာ အမှန်တရားပင်ဖြစ်သည်။ တိုင်းတစ်ပါးသားက မြန်မာနိုင်ငံကို မြန်မာနိုင်ငံသားများလောက် မချစ်နိုင်သကဲ့သို့ မြန်မာ့အကျိုးစီးပွားကိုလည်း ဆောင်ကြဉ်းပေးနိုင်မည်မဟုတ်သည်မှာ ယုံမှားသံသယဖြစ်ဖွယ် မရှိသည့်ကိစ္စဖြစ်သည်။ ထို့ကြောင့် အမိမြန်မာနိုင်ငံကြီး တိုးတက်ကြီးပွားဖို့ရန်အတွက် မြန်မာတိုင်းမှာသာ အဓိကတာဝန်ရှိပါသည်။ ကိုယ့်မြန်မာပြည်သူတို့၏ တစ်ယောက်တစ်လက်တစ်အားဖြင့် ကိုယ့်မြန်မာပြည်ကို ကိုယ်တိုင်တည်ဆောက်ကြရပါမည်။ သဘာဝပေး အခြေအနေကောင်းများစွာရှိနေသော အမိမြန်မာပြည်၏ အနာဂတ်ကို နောင်အရှည်သဖြင့် အဓွန့်ရှည်တည်တံ့နိုင်ရေး ကြိုးပမ်းပိုင်းဝန်းကြရန် လိုအပ်ကြောင်း သိမြင်စေလိုပါသည်။

မိသားစုတိုင်း၊ ပြည်သူတစ်ဦးတစ်ယောက်တိုင်းက အတုယူမမှားဘဲ တိုးတက်ကြီးပွားချမ်းမြေ့လုံခြုံသော ကိုယ်ပိုင်ဘဝလေးများ တည်ဆောက်ကာ ကြိုးပမ်းသင့်ပါသည်။

ရှေးက ရှေးက "**ဘိုးဘေး မြန်မာများ**"၏ ကြိုးပမ်းစွမ်းဆောင်မှုများကြောင့် တည်ငြိမ်အေးချမ်းဖွံ့ဖြိုးဝေစည်ခဲ့သော အခြေအနေကောင်းများကို နောက်ဆက်ခံရမည့် "**မြေး မြစ် မြန်မာများ**"က ဆက်ခံလက်ဆင့်ကမ်း ကြိုးပမ်းတည်ဆောက်နိုင်ရေးအတွက် တစ်ထောင့်တစ်နေရာ တစ်အားအဖြစ် ဝိုင်းဝန်းပူးပေါင်းလက်တွဲရင်း "**လူသားတာဝန် မြန်မာပြည်သားတာဝန်**"ကျေစေလိုပါသည်။

မျက်မှောက်ခေတ်အခြေအနေများကို လေ့လာသုံးသပ်ပြီး အနာဂတ်နိုင်ငံတော်အတွက် လူတော်လူကောင်းများ၊ ပညာအမြော်အမြင်ရှိသော လူငယ်လူရွယ်များအားလုံး ရပ်တည်ခံယူချက်မှန်ကန်စွာဖြင့် တစ်တပ်တစ်အား ကြိုးပမ်းမြှင့်တင် တာဝန်ကျေသင့်လှပါသည်။ ယနေ့ ဖွံ့ဖြိုးတိုးတက်နေသော ဂျပန်၊ ကိုရီးယား၊ တရုတ်၊ ဗီယက်နမ်နိုင်ငံများ ဘယ်လိုဘယ်ပုံ ကြိုးစားတည်ဆောက်ခဲ့ကြရသည်ကို လေ့လာအတုယူပြီး ကိုယ့်အမိနိုင်ငံကိုလည်း ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ တည်ဆောက်မြှင့်တင်သင့်ပါသည်။ ရေမြေသဘာဝမွန်းကျပ်မှုမရှိသော၊ ပျော်မွေ့စုံမက်ဖွယ် မိသားစုများရှိသော၊ အားကိုးအားထားပြုထိုက်ပြီး အမြင်မှန် အတွေးမှန်စေသော သစ္စာတရား၊ မေတ္တာတရားထွန်းကားရာ၊ ငြိမ်းအေးရာ ဓမ္မနယ်မြေဖြစ်သော ချစ်ဖွယ်မြန်မာပြည်ကို မိမိကိုယ်ပိုင်စွမ်းအားဖြင့် အလှဆင်ရင်း ကြည်နူးချမ်းမြေ့မှုကို ကိုယ်တိုင်ခံစား မွေ့လျော်ကြစေချင်ပါသည်။

နိုင်ငံသားတိုင်းတွင် တာဝန်ကိုယ်စီရှိသည့်အပြင် ကိုယ်ထမ်းဆောင်ရမည့် ဝန်အတိုင်းအတာကဏ္ဍများလည်း ရှိပြီးဖြစ်ပါသည်။ မောင်နီ၊ မောင်ဖြူ ကွဲပြားသော်လည်း လူသားတာဝန် ပြည်သူပြည်သားတာဝန် စသည့် ကိုယ်ထမ်းဆောင်ရမည့် "**ဝန်တာများ**"ကို ကြိုးစားလုပ်ဆောင်ခြင်းသည် နိုင်ငံချစ်စိတ်၊ မြတ်နိုးစိတ်၊ မြန်မာ့စိတ်ရင်းအမှန်ဖြစ်ပါသည်။

တစ်ဦးချင်း တစ်ယောက်ချင်းတိုင်းသည် အခြေခံပညာတတ်မြောက်ပြီး ဘွဲ့ရပညာတတ်များ၊ တွေးခေါ်မြော်မြင်နိုင်သူများ၊ အမျိုးကို ချစ်မြတ်နိုးသူများဖြစ်ကြပါလျှင် ထိုရေမြေဒေသ တိုင်းပြည်သည် ကမ္ဘာ့အလယ်တွင် အဓွန့်ရှည်ခံ့ညားလျက် ကမ္ဘာတည်သရွေ့ စည်ပင်ဖွံ့ဖြိုးလျက် ရှိမည်သာဖြစ်သည်။

မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြကုန်သော တိုင်းရင်းသားအပေါင်းသည် အေးအတူ၊ ပူအမျှ အတူလက်တွဲပြီး ပြည်ပ၊ ပြည်တွင်းရန်၊ အန္တရာယ်များကို စုပေါင်းတွန်းလှန်ကာ တည်ငြိမ်အေးချမ်းသော၊ ခေတ်မီဖွံ့ဖြိုးသော၊ စည်းကမ်းကျသော ဒီမိုကရေစီနိုင်ငံ ထူထောင်နိုင်ရေးအတွက် ကိုယ့်ဝန်တာ ကိုယ်ကျေအောင်ဆောင်ရွက်ရင်း အမိမြန်မာမြေပေါ်တွင် ဗြဟ္မစိုရ်တရားများ ထွန်းကားပါစေကြောင်း ဆန္ဒပြုအပ်ပါသည်။

- တစ်ဦးကို တစ်ဦး ချစ်ကြည်လေးစားလျက် အေးအတူပူအမျှ လက်တွဲနေထိုင်နိုင်ကြပါစေ-
- လောကပါလတရားများ ထွန်းကားပါစေ-
- ကိုယ်နှုတ်နှလုံးသုံးပါးလုံးကို စောင့်ရှောက်နိုင်ကြပါစေ-
- ရိုးသား၊ ကြိုးစားမှုဖြင့် ဘဝအခြေအနေများ တိုးတက်ကြီးပွားအောင်မြင်ပါစေ-
- ကိုယ်ကျန်းမာ စိတ်ချမ်းသာစွာဖြင့် မိမိအကျိုး၊ ဝန်းကျင်အကျိုး၊ ပြည်ကျိုး တိုင်းကျိုး၊ လူသားအကျိုး ဆောင်နိုင်ကြပါစေ-
- ပညာပြည့်ဝ နှလုံးလှသော၊ သုတသီလ ပြည့်ဝသော နိုင်ငံသားများ ဖြစ်ကြပါစေ-

ဤသို့ ဆုမွန်တောင်းရင်း ပြည်မြန်မာကို ချစ်ကြသော မြန်မာများ နေထိုင်ရာ သာယာဝပြောသည့် နေချင့်ဖွယ်၊ မြတ်နိုးဖွယ် အမိမြန်မာနိုင်ငံတော်ကြီးအတွက် ကိုယ့်ဝန်တာကို ကိုယ်ပိုင်အသိတရားများဖြင့် ခွဲဝေယူမျှ ကျေပွန်ကြပါစေဟု ဆန္ဒပြုလိုက်ရပါသတည်း။ ။

တကယ်တမ်းတွင် မြန်မာနိုင်ငံကို မြန်မာနိုင်ငံသားများထက် မည်သည့်တိုင်းတစ်ပါးသားကမျှ ပို၍မချစ်နိုင်သည်မှာ အမှန်တရားပင်ဖြစ်သည်။ တိုင်းတစ်ပါးသားက မြန်မာနိုင်ငံကို မြန်မာနိုင်ငံသားများလောက် မချစ်နိုင်သကဲ့သို့ မြန်မာ့အကျိုးစီးပွားကိုလည်း ဆောင်ကြဉ်းပေးနိုင်မည်မဟုတ်သည်မှာ ယုံမှားသံသယဖြစ်ဖွယ်မရှိသည့်ကိစ္စဖြစ်သည်။ ထို့ကြောင့် အမိမြန်မာနိုင်ငံကြီး တိုးတက်ကြီးပွားဖို့ရန်အတွက် မြန်မာတိုင်းမှာသာ အဓိကတာဝန်ရှိပါသည်။ ကိုယ့်မြန်မာပြည်သူတို့၏ တစ်ယောက်တစ်လက် တစ်အားဖြင့် ကိုယ့်မြန်မာပြည်ကို ကိုယ်တိုင် တည်ဆောက်ကြရပါမည်။ သဘာဝပေး အခြေအနေကောင်းများစွာရှိနေသော အမိမြန်မာပြည်၏ အနာဂတ်ကို နောင်အရှည်သဖြင့် အဓွန့်ရှည် တည်တံ့နိုင်ရေး ကြိုးပမ်းပိုင်းဝန်းကြရန် လိုအပ်ကြောင်း သိမြင်စေလိုပါသည်။

ပဉ္စမအကြိမ် စာပေညီလာခံ ဘဏ္ဍာငွေရှာဖွေရေးလုပ်ငန်းကော်မတီ စည်းဝေး

ရန်ကုန် ဧပြီ ၄

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ပဉ္စမအကြိမ် စာပေညီလာခံ ဘဏ္ဍာငွေရှာဖွေရေးလုပ်ငန်းကော်မတီ အစည်းအဝေးနှင့် အလှူငွေကျပ် သိန်း ၅၀ ပေးအပ်လှူဒါန်းပွဲကို မတ် ၃၀ ရက် မွန်းတည့် ၁၂ နာရီက ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေး

အစည်းအဝေးတွင် လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးတင်ခ (တက္ကသိုလ်တင်ခ)၊ အတွင်းရေးမှူး ဒေါက်တာတင်ထွန်းဦး (ဒေါက်တာတင်ထွန်းဦး)တို့က အမှာစကားပြောကြားပြီး လုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးစိုးရှိန် (မောင်စိုးထိုက်-သုံးဆယ်)က ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ အဖွဲ့ဝင်များက အကြံပြုဆွေးနွေးကြသည်။

လှူဒါန်း

အစည်းအဝေးအပြီးတွင် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ပဉ္စမအကြိမ် စာပေညီလာခံအတွက် ဦးမောင်မောင်အေး (မောင်ဟေမာ) အလက်ာဝတ်ရည် စာပေဂီတအနုပညာလုပ်ငန်းက အလှူငွေ ကျပ် ၂၅ သိန်း၊ ဂန္ထဝင်တေးရေးဆရာကြီး ရွှေတိုင်ညွန့် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ဖျော်ဖြေရေးအဖွဲ့က အလှူငွေကျပ် ၂၅ သိန်း၊ ကန်တော့ခံ သက်ကြီးစာပေပညာရှင် ဦးစန်ဝင်း (ဗိုလ်တထောင် ကျိုက်ဒေးအပ် ဆံတော်ဦး စေတီတော်အလှည့်ကျဂေါပက) က အလှူငွေကျပ် နှစ်သိန်း၊ ဒေါက်တာ သာထွန်းဦး(ဒေါက်တာသာထွန်းဦး) တူဒေး စာအုပ်တိုက်က ငွေကျပ် နှစ်သိန်း၊ ဦးစိုးရှိန် (မောင်စိုးထိုက်-သုံးဆယ်)က ငွေကျပ် နှစ်သိန်းတန်ဖိုးရှိ သုတ၊ ရသ စာအုပ် ၂၀၀၊ ဦးမောင်မောင်မြင့်အေး (မောင်မောင်မြင့်အေး) လာဘ်မိုးဆွေ စာပေတိုက်က ငွေကျပ် သုံးသိန်းတန်ဖိုးရှိ သုတ၊ ရသစာအုပ် ၃၀၀ တို့ကို ပေးအပ်လှူဒါန်းကြသည်။**(အပေါ်ပုံ)**

ဆက်သွယ်လှူဒါန်းနိုင်

အလှူငွေဖြစ်စေ၊ အလှူပစ္စည်းဖြစ်စေ လှူဒါန်းလိုပါက မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့အမှတ်(၅၂၉/၅၃၁)ကုန်သည်လမ်းနှင့် ၃၇ လမ်းထောင့် စာပေဗိမာန် (ဒုတိယထပ်) ဖုန်း -၀၁-၂၅၂၄၁၇ နှင့် ၀၁-၃၈၅၂၇၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဂိုးပြတ်သွင်းပြီး အနိုင်ရခဲ့တဲ့ ရန်ကုန်ယူနိုက်တက်

ရန်ကုန် ဧပြီ ၄

သတင်းမြင်ကွင်း - ဖိုးသော်ဇင်

၂၀၁၀ MNL အမှတ်ပေးပြိုင်ပွဲကို ယနေ့ညနေ ၄ နာရီက ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်းနှင့် မန္တလေးမြို့ရှိ ဗထူးကွင်းတို့မှာ ဆက်လက်ကျင်းပရာ ရန်ကုန်ယူနိုက်တက်က ဂိုးဒါဇင်ဝက်ကျော်သွင်းကာ အနိုင်ရခဲ့ပြီး ရတနာပုံအသင်းလည်း အနိုင်ရရှိခဲ့ပါတယ်။

သုဝဏ္ဏကွင်း

ရန်ကုန်ယူနိုက်တက် - ခုနစ်ဂိုး
မကွေး - ဂိုးမရှိ

ရန်ကုန်ယူနိုက်တက်အသင်းက ယခုပွဲမှာ ဂိုးဒါဇင်ဝက်ကျော်သွင်းပြီး ခြေစွမ်းပြကာ ဇေယျာရွှေမြေပွဲက အရှုံးကို ချေဖျက်သွားပါတယ်။ ယခင်ပွဲတွေမှာ ဂိုးကံခေခဲ့တယ်။ ပြည်ပကစားသမားတွေလည်း ဂိုးတွေရရှိပြီး ခြေမြူးခဲ့ပါတယ်။ မကွေးအသင်းကတော့ ဒဏ်ရာရ ပွဲပယ်ကစားသမားတွေကြောင့်နဲ့ လူငယ်ကစားသမားတွေရဲ့ အတွေ့အကြုံအားနည်းမှုတို့ကြောင့် ကစားပုံပျက်ကာ ဂိုးပြတ်ရှုံးနိမ့်ခဲ့ပါတယ်။

ပထမပိုင်းအစမှာပဲ ပြစ်ဒဏ်ဘောမှတစ်ဆင့် အိလိစန်ဂျလိုက ခေါင်းတိုက်သွင်းကာ အဖွင့်ဂိုးရရှိသွားပါတယ်။ သိပ်မကြာခင်မှာဘဲ ထောင့်ကန်ဘောမှတစ်ဆင့် ဒုတိယဂိုးကို ခေါင်းတိုက်ပြီး ထပ်မံသွင်းယူခဲ့ပါတယ်။ တတိယဂိုးကို ၂၈ မိနစ်မှာ အဲရစ်ဆာကီက ဂိုးသမားနှင့်တစ်ယောက်ချင်းတွေ့ပြီး အပိုင်ကန်သွင်းခဲ့ပါတယ်။ ပထမပိုင်းပြီးခါနီးမှာ ကျော်သူရက စတုတ္ထဂိုးသွင်းခဲ့ပါတယ်။ ဒုတိယပိုင်းမှာ အဲရစ်ဆာကီက သုံးဂိုးစလုံးကို ခေါင်းတိုက်ပြီး သွင်းယူခဲ့တာဖြစ်ပါတယ်။

ဗထူးကွင်း

ရတနာပုံ - သုံးဂိုး
ဆောက်သမ်းမြန်မာ - တစ်ဂိုး

ရတနာပုံအသင်းမှ ရန်ပိုင် ခြေစွမ်းပြပြီး နှစ်ဂိုး၊ ကွမ်းပိုရီက တတိယဂိုး သွင်းယူကာ အနိုင်ရရှိခဲ့ပါတယ်။ ဆောက်သမ်းမြန်မာကတော့ ချေပဂိုးတစ်ဂိုးသာ ပြန်လည်သွင်းနိုင်ကာ ပထမဆုံးရှုံးပွဲစတင်တွေ့ခဲ့ရပါတယ်။

(ယနေ့ပွဲ) သုဝဏ္ဏကွင်း

နေပြည်တော် FC -ဇွဲကပင်ယူနိုက်တက်

(မြန်မာ့အလင်း)

❒ *ကျောဖုံးမှ*

ရှေးဦးစွာ တာဝန်ရှိသူတို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ကြည့်ရှုအားပေး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့် ဝန်ကြီးတို့က ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ လှူဒါန်းသည့် အလှူငွေများနှင့် စာအုပ်များကို ပေးအပ်ကြပြီး စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် ခရမ်းမြို့နယ် (၇)ရပ်ကွက်ရှိ ရူပံနဂါးမောက်သီးစိုက်ပျိုးရေးခြံသို့ ရောက်ရှိရာ နဂါးမောက်သီးစိုက်ပျိုး ထုတ်လုပ်မှုနှင့် စပ်လျဉ်း၍ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက စိုက်ပျိုးရေးခြံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ဖြည့်စွက်မှာကြား

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် တိုင်းမှူးတို့သည် သန်လျင်-ပဲခူးကားလမ်းရှိ မိုင် ၃၀ စိမ်းလန်းစိုပြည်ရေး ရှင်းလင်းဆောင်သို့ ရောက်ရှိကြပြီး ရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေအား တာဝန်ရှိသူတို့က လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြကာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် တိုင်းမှူးတို့သည် သုံးခွရေထိန်းတံခါးသို့ ရောက်ရှိကြပြီး ရေသိုလှောင်ထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူတစ်ဦးက မိုင် ၃၀ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်နိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ရေထိန်းတံခါးများ ကြံ့ခိုင်မှုအမြဲစစ်ဆေးရန်နှင့် နွေစပါးတိုးချဲ့စိုက်ပျိုးရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

(၁၃၇၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၇ ရက်၊ အဖိတ်နေ့)
၅-၄-၂၀၁၀
(တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညိုမင်း၊ တေးရေး- ဗိုလ်ကလေးတင့်အောင်)
၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈:၀၀ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၈:၁၀ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ
၈:၂၀ ၈။ အတီးပြိုင်ပွဲ
၈:၃၀ ၉။ ခါသကြန် အဆို၊ အကများ
၈:၄၀ ၁၀။ International News
၈:၄၅ ၁၁။ **တက္ကစီမီတာသင်လိုရာ**
၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ အကပဒေသာ
၄:၂၅ ၃။ တေးဂီတအစီအစဉ် (မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
၄:၃၅ ၄။ ခါသကြန် အဆို၊ အကများ
၄:၅၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -ပထမနှစ် (ဥပဒေပညာ အထူးပြု) (ဥပဒေပညာ)
၅:၀၅ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး တေးများ
၅:၁၅ ၇။ မြန်မာစာ၊ မြန်မာစကား
၅:၃၀ ၈။ ခါသကြန် အဆို၊ အကများ
၅:၄၅ ၉။ ပရိမီယာသီချင်းဆိုပြိုင်ပွဲ
၆:၀၀ ၁၀။ ညနေခင်းသတင်း
၆:၁၅ ၁၁။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၂။ ဆိုကြမယ်၊ ပျော်ကြမယ်
၇:၀၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **တို့အတူရှိစဉ်တုန်းက** (အပိုင်း-၁၁)
၈:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာနုနု** (အပိုင်း-၅)
၁၈။ **သုခုမရင်ပြင်**
၁၉။ အစီအစဉ်ပြီး၏။

သင်္ကြန်နှစ်ဆန်းတွင် ငှက်သားပေါက်များ ရောင်းချလိုပါက ငါးလုပ်ငန်းဦးစီးဌာနသို့ ခွင့်ပြုချက်လျှောက်ထားကြရန် နှိုးဆော်

ရန်ကုန် ဧပြီ ၄

အသားစားကြူးသော အာဖရိကငါးခူများသည် ဘုရားကန်များ၊ ကန်တော်ကြီးရေပြင်၊ အင်းလျားကန်ရေပြင်၊ မြစ်များ၊ ချောင်းများနှင့် သဘာဝရေပြင်များတွင် ပျံ့နှံ့သွားပါက အခြား ငါး/ပုစွန် စသော ရေနေသတ္တဝါများမျိုး ပြုန်းတီးမှု ဖြစ်ပေါ်စေသဖြင့် ငါးလုပ်ငန်းဦးစီးဌာနက အမိန့်ကြော်ငြာစာအမှတ် (၅/၂၀၁၀)ဖြင့် အာဖရိကငါးခူမျိုးများ မွေးမြူခြင်း၊ စုဆောင်းခြင်း၊ မျိုးပြန့်ပွားစေခြင်းမပြုရန် တားမြစ်ထားသည်။ သို့ဖြစ်၍ နှစ်စဉ်နှစ်တိုင်း သင်္ကြန်နှစ်ဆန်း ၁ ရက် ဇီဝိတဒါန ငါးလွှတ်ပွဲများတွင် တားမြစ်ထားသော အာဖရိက ငါးခူးသားပေါက်များကို ရောင်းချခြင်း၊ ဝယ်ယူခြင်းများ မပြုလုပ်ကြရန် တိုက်တွန်းအပ်ပါသည်။

ဆက်သွယ်ဝယ်ယူနိုင်

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနက ငါးသားပေါက်များကို ရောင်းချပေးမည်ဖြစ်သဖြင့် ငါးသားပေါက်များဝယ်ယူလိုပါက ငါးလုပ်ငန်းဦးစီးဌာန(ရုံးချုပ်)၊ ရေဆင်းငါးလုပ်ငန်းစခန်း(နေပြည်တော်)၊ ရန်ကုန်တိုင်း လှော်ကားငါးလုပ်ငန်းစခန်း၊ လေးဒေါင့်ကန်ငါးလုပ်ငန်းစခန်း၊ ကန်တော်ကြီးရေချိုငါးဥယျာဉ်နှင့် နီးစပ်ရာ၊ သက်ဆိုင်ရာ မြို့နယ်ငါးလုပ်ငန်းစခန်းများနှင့် ဖုန်း-၀၆၇-၄၁၆၅၄၉၊ ၀၁-၂၂၅၅၈၆၊ ၂၂၅၅၃၊ ၂၁၁၃၈၂၊ ၆၃၅၁၉၆၊ ၆၁၁၁၂၀၊ ၇၀၈၅၁၉၊ ၅၅၆၁၃ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်သည်။

နှိုးဆော်ထား

ထို့အပြင် အများပြည်သူနှင့်သက်ဆိုင်သော နေရာ၊ ဌာနများတွင် ငါးလုပ်ငန်းဦးစီးဌာနမှ ငါးသားပေါက်အရောင်းဌာနများ ဖွင့်လှစ်ထားရှိမည်ဖြစ်ပြီး ဘေးမဲ့ငါးလွှတ်လိုသူများ ငါးလုပ်ငန်းဦးစီးဌာနသို့ ကြိုတင်ဆက်သွယ်မှာကြားကြပါရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပရီမီယာလိဂ်ဖောင်ပိတ်သတင်း

လီဗာပူးတို့ အဝေးကွင်း၌ တစ်မှတ်နှင့်ကျေနပ်ခဲ့ရ ဖူလ်ဟမ်တို့ အိမ်ကွင်းတွင် အမှတ်ပြည့်ရယူ

အာကာဟိန်း - စုစည်းသည်

လန်ဒန် ဧပြီ ၄

ပရီမီယာလိဂ်ပွဲစဉ်(၃၃)ကို ဧပြီ ၄ ရက်က ဆက်လက်ယှဉ်ပြိုင်ရာ အဝေးကွင်း၌ လီဗာပူးတို့ ဘာမင်ဂမ်နှင့် တစ်ဂိုးစီ သရေပွဲဖြစ်ခဲ့သဖြင့် တစ်မှတ်ဖြင့် ကျေနပ်ခဲ့ရသော်လည်း ဖူလ်ဟမ်နှင့် ဝီဂန်တို့ပွဲတွင် ဖူလ်ဟမ်က နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဘာမင်ဂမ်နှင့် လီဗာပူး

အဝေးကွင်းဖြစ်သဖြင့် လီဗာပူးတို့ လူစုံထုတ်ကစားခဲ့သည်။ တောရက်စ်၊ ဂျရတ်၊ ဘီနာယောင်နှင့် ဒရက်ကွတ်တို့ အချိတ်အဆက်မိမိကစားခဲ့သဖြင့် ၄၇မိနစ်၌ ထောင့်ကန်ဘောမှတစ်ဆင့် ဂျရတ်က အနီးကပ်ကန်သွင်းယူခဲ့ရာမှ လီဗာပူးတို့ ဂိုးရရှိခဲ့သည်။ သို့သော် ဘာမင်ဂမ်မှ ရစ်ဝဲလ်က ၅၆မိနစ်၌ ချေပဂိုးသွင်းယူခဲ့သဖြင့် တစ်ဂိုးစီသရေပွဲဖြစ်ခဲ့ရခြင်းဖြစ်သည်။

ဖူလ်ဟမ်နှင့် ဝီဂန်

ဖူလ်ဟမ်နှင့် ဝီဂန်တို့ပွဲတွင် ဝီဂန်အတွက် ၃၄ မိနစ်၌ စကော့လန်က ဂိုးသွင်းယူပေးခဲ့သော်လည်း ဖူလ်ဟမ်မှ ချူကာက ၄၇မိနစ်၌ တစ်ဂိုး၊ ၅၈မိနစ်၌ ဟန်ဂီလန်က တစ်ဂိုးသွင်းယူခဲ့သဖြင့် ဖူလ်ဟမ်တို့ နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။

အဲဗာတန်နှင့် ဝက်စ်ဟမ်း

အဲဗာတန်နှင့် ဝက်စ်ဟမ်းတို့ပွဲတွင် နှစ်ဂိုးစီ သရေပွဲဖြစ်ခဲ့သည်။

ပရီမီယာလိဂ် ပွဲစဉ် (၃၃) အပြီး အသင်းများရပ်တည်မှု

စဉ်	အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရမှတ်
၁	ချယ်လ်ဆီး	၃၃	၂၃	၅	၅	၇၄
၂	မန်ယူ	၃၃	၂၃	၃	၇	၇၂
၃	အာဆင်နယ်	၃၃	၂၂	၅	၆	၇၁
၄	မန်စီးတီး	၃၂	၁၆	၁၁	၅	၅၉
၅	စပါး	၃၂	၁၇	၇	၈	၅၈
၆	လီဗာပူး	၃၃	၁၆	၇	၁၀	၅၅
၇	အက်စ်တွန်ဗီလာ	၃၂	၁၄	၁၂	၆	၅၄
၈	အဲဗာတန်	၃၂	၁၃	၁၀	၉	၄၉
၉	ဘာမင်ဂမ်	၃၃	၁၂	၁၀	၁၁	၄၆
၁၀	စတုတ်စီးတီး	၃၂	၁၀	၁၂	၁၀	၄၂
၁၁	ဘလက်ဘန်း	၃၃	၁၁	၉	၁၃	၄၂
၁၂	ဖူလ်ဟမ်	၃၂	၁၁	၈	၁၃	၄၁
၁၃	ဆန်းဒါးလန်း	၃၃	၉	၁၁	၁၃	၃၈
၁၄	ဝူလ်ဗာဟမ်တန်	၃၃	၈	၈	၁၇	၃၂
၁၅	ဘော်လ်တန်	၃၃	၈	၈	၁၇	၃၂
၁၆	ဝီဂန်	၃၃	၈	၇	၁၈	၃၁
၁၇	ဝက်စ်ဟမ်း	၃၂	၆	၉	၁၇	၂၇
၁၈	ဟူးလ်စီးတီး	၃၂	၆	၉	၁၇	၂၇
၁၉	ဘန်လေ	၃၃	၆	၆	၂၁	၂၄
၂၀	ပို့စ်မောက်	၃၃	၆	၅	၂၂	၂၃

(အင်တာနက်)

အောက်ပိုင်းဒေသများ၌ နေ့အပူချိန်တိုးလာ

နေပြည်တော် ဧပြီ ၄

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်း၊ မန္တလေးတိုင်း၊ ဧရာဝတီတိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ကာ ကျန်ဒေသများတွင် အများအားဖြင့် သာယာခဲ့သည်။ နေ့အပူချိန်များမှာ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ မန္တလေးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ပြီး ကျန်ဒေသများတွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ခန့်သာ ရှိခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ပူတာအိုမြို့တွင် ၀ ဒသမ ၄၇ လက်မနှင့် မချမ်းဘောမြို့တွင် ၀ ဒသမ ၂၄ လက်မ တို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် အများအားဖြင့်သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

ဧပြီ ၅ ရက် ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် နေ့အပူချိန်များ အနည်းငယ် တိုးလာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။
ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။
မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ချန်ပီယံလိဂ် ဒုတိယအကျော့ ကွာတားဖိုင်နယ်ပွဲစဉ်အကြို

အိုးထရက်ဖို့ဒ်မှာ ဘိုင်ယန်ကို ရွှန်နေမပါဘဲ ဘယ်လိုအနိုင်ကစားမှာလဲ မန်ယူ ဘာကာအိမ်ကွင်းမှာ အာကြီးတို့ ခြေကုန်ထုတ်ကစားမှာလား

ထွန်းထွန်းဦး (လှိုင်) သုံးသပ်ရေးသားသည် — စာမျက်နှာဖွဲ့စည်းမှု - လှိုင်လှိုင်သင်း (မြန်မာ့အလင်း)

ရန်ကုန် ဧပြီ ၄

ချန်ပီယံလိဂ်ကွာတားဖိုင်နယ် ပထမအကျော့ပွဲစဉ်တွေ ပြီးဆုံးသွားခဲ့ပေမယ့် ဒုတိယအကျော့ပွဲစဉ်များအတွက်တော့ နောက်ဆက်တွဲ ကိစ္စတွေဟာ အားလုံးအတွက် ဘာဖြစ်လာမလဲဆိုတာ သိချင်နေကြတဲ့ ပုစ္ဆာတစ်ပုဒ်ဖြစ်နေခဲ့တယ်။ ဘာကြောင့်လဲဆိုရင် လီယွန်လို အသင်းကလွဲရင် ကျန်အသင်းတွေရဲ့အနေအထားဟာ နောက်တစ်ဆင့်တက်ရောက်ခွင့်ရဖို့အတွက် မပြတ်သားတဲ့အနေအထား အသီးသီးမှာ ရှိနေကြလို့ပါပဲ။ ဒါကြောင့် ကွာတားဖိုင်နယ် ဒုတိယအကျော့ဟာ ပထမအကျော့ကလို မထင်မှတ်တဲ့ အနေအထားတွေများစွာကို ကျော်ဖြတ်ပြနိုင်ကြပါ့မလားဆိုတာ စောင့်ကြည့်ရဦးမှာပါ။

၇-၄-၂၀၁၀ရက် (နံနက် ၁း၁၅)

ဘာစီလိုနာ-အာဆင်နယ်

ပထမအကျော့မှာ ဘာစီလိုနာဟာ အီဘရာဟင်မိုဗစ်ရဲ့ သွင်းဂိုးတွေနဲ့ အာဆင်နယ်ကို နှစ်ဂိုး-တစ်ဂိုးနဲ့အနိုင်ရထားခဲ့ပြီး အနိုင်သေချာပြီလို့ တွက်ဆကာ ကစားအားကို လျှော့ချထားခဲ့တဲ့အတွက် အိမ်ရှင် အာဆင်နယ်ရဲ့ပြန်လည်ထိုးဖောက်မှုအောက်မှာ အမှတ်မထင်ကျဆုံးခဲ့ရပြီး ဘာစီလိုနာဟာ နောက်ဆုံးမှာ နှစ်ဂိုးစီနဲ့ ကျေနပ်ခဲ့ရတယ်။ ဘာစီလိုနာဟာ တစ်ချက်ကလေး အမှားပါလိုက်တာကြောင့် အဝေးကွင်းမှာ အောင်မြင်ရေးလမ်းစပျောက်သွားခဲ့ရတယ်။ အာဆင်နယ်အတွက်တော့ အိမ်ကွင်းမှာ ဘာစီလိုနာကို သရေကစားထားလိုက်နိုင်ပေမယ့် ပေးဂိုးက နှစ်ဂိုးများတောင်ရှိနေတာကြောင့် သူတို့အတွက်လည်း ဘာစီလိုနာမြေပေါ်မှာ ပြန်လည်ကစားရတဲ့အခါ အခက်အခဲ ဒုက္ခတွေနဲ့ ပြည့်နှက်နေမှာသေချာပါတယ်။

အာဆင်နယ်ဟာ အခုပွဲမှာ အသင်းရဲ့ ထောက်တိုင်သုံးခုဖြစ်တဲ့ အာရှာဗင်၊ ဂါးလက်စ်နဲ့ ဖာဘရီဂတ်စ်တို့ ပါဝင်နိုင်မယ်မထင်မိဘူး။ အာရှာဗင်ကလွဲရင် ကျန်နှစ်ယောက်ဟာ ဒီပွဲမှာပါဝင်ကစားဖို့ဆိုတာ မလွယ်နိုင်ဘူး။ နှစ်ယောက်စလုံးက လန့်ချီပြီးတော့အနားယူရမယ့်အထိ ရှိနေကြလို့ပါ။ ဒါကြောင့် အာဆင်နယ်ဟာလူစုံမပါနိုင်တဲ့ကာလမှာ အရေးပေါ်ကစားသမား ဝေါလ်ကော့ကို ဘယ်လိုနေရာပေးပြီး အသုံးပြုမလဲ။ ပထမအကျော့ကလိုမျိုး ဘာစီလိုနာ

အင်တာမီလန်အသင်းအတွက် ဂိုးသွင်းပေးဦးမှာလား အီဘရာဟင်မိုဗစ်။

ကစားအားကျနေတဲ့ ကာလရောက်မှ စနက်တံဖြတ်ပြီး ဝေါလ်ကော့လို လက်ပစ်ဗုံးကို ဘာစီလိုနာဘက် ဝင်းဂါးက ပစ်သွင်းမှာလား၊ ဖြစ်နိုင်မယ်တော့ မထင်မိဘူး။ ဘာကြောင့်လဲဆိုတော့ ဘာစီလိုနာနည်းပြ ဂွါဒီယိုလာကလည်း ပထမအကျော့က သင်ခန်းစာကို ကောင်းကောင်းရထားခဲ့ပြီဖြစ်တာကြောင့် နောက်တစ်ခါ ဒုတိယအကြိမ်အဖြစ် ခံတော့မယ်မထင်မိဘူး။ ဒါကြောင့်လည်း အိမ်ကွင်းနူးကမ့်မှာ အမှားနည်းနည်းနဲ့ ကစားအားမချတမ်း ကစားပြနိုင်ဖို့ကို သေချာလေး အားစိုက်ပြမှာ သေချာပါတယ်။

ဒီနေရာမှာပြောစရာ တစ်ခုတော့ရှိတယ်။ အဲဒါဘာလဲဆိုတော့ ဘာစီလိုနာရဲ့ ခံစစ်ကြောင်းပါပဲ။ လူစုံပါလာနိုင်ဖွယ် မရှိသလို ခံစစ်ကြောင်းပေါ်က ပီကေးနဲ့ ပူယိုးလ်တို့နှစ်ယောက်ဟာ

အာဆင်နယ်အသင်း အောင်ပွဲရရှိရေး ဝေါလ်ကော့ ခြေစွမ်းပြမှာလား….။

ပွဲပယ်ပြစ်ဒဏ် အသီးသီးကြောင့် အာဆင်နယ်နဲ့ပွဲကို လွဲချော်ဖို့ရှိနေကြပါတယ်။ ဒါပေမယ့် ယာယာတိုရေးနဲ့ မားကွက်ဇ်အပြင် မီလီတိုနဲ့ကီတာတို့ ပါရှိနေသေးလို့ ဂွါဒီယိုလာသာ လိုအပ်ချက်အရနေရာပေးကစားခဲ့ရင် ပြဿနာကြီးကြီးမားမား မရှိလောက်နိုင်ပါဘူး။ ဒါကြောင့်လည်း အိမ်ရှင် နည်းပြဖြစ်တဲ့ ဂွါဒီယိုလာဟာ ဘာစီလိုနာရဲ့တိုက်စစ်ကို လိုတာထက် တင်ကစားခိုင်းပြီး ပထမအကျော့ကလို မဖြစ်ရအောင် လုပ်ယူကြမှာဆိုတော့ အခုပွဲမှာ အာဆင်နယ်ဟာ အရင်တုန်းကပြိုင်ဘက်ကောင်းတွေအပေါ်မှာ ဖိအားပေး အနိုင်ယူပြခဲ့တဲ့ အစဉ်အလာကောင်း လမ်းကြောင်းပေါ်ကနေပြီး ရှေ့ဆက်လျှောက်ဖို့ဆိုတာ ဒီတစ်ခါမှာ လွယ်နိုင်မှာ မဟုတ်လောက်တော့ပါဘူး။

အာဆင်နယ်အနေနဲ့ ဘယ်လိုပဲ တိုက်စစ်နဲ့ကစား ကစား နူးကမ့်မှာဖြစ်နေတာကြောင့် ဝါရင့် သမ္ဘာရင့်အာဆင်နယ်ကို နောက်တစ်ဆင့်ရောက်ရေးအတွက် ဘာစီလိုနာက အခွင့်အရေးကောင်းတစ်ခု ထပ်မံပေးတော့မှာ မဟုတ်ဘူး။ ဒါကြောင့် ဒီပွဲအတွက် အိမ်ရှင်ဘာစီလိုနာဘက်က သာနေပါတယ်။ နောက်ပြီး ဘာစီလိုနာသာ ကစားအားမချဘဲ တောင်ကျချောင်းရေလို တိုက်စစ်ကို သွက်သွက်လက်လက်နဲ့ ကစားပြီး အာဆင်နယ်လှုပ်ခွင့်မသာအောင် လုပ်ထားမယ်ဆိုရင် သူတို့ရဲ့ အနိုင်ဟာ နှစ်ဂိုး-ဂိုးမရှိလောက်တော့ ဖြစ်သွားနိုင်မယ်လို့ ပြောထားချင်တယ်။

စီအက်စ်ကေအေမော်စကို-အင်တာမီလန်

အင်တာမီလန်ရဲ့ ပထမအကျော့ အနိုင်ပွဲဟာ မပြတ်သားခဲ့ပါဘူး။ ဒါကြောင့် တစ်ဂိုး-ဂိုးမရှိဆိုတဲ့ ရလဒ်ကို အသွင်မပြောင်းအောင် CSKA မြေပေါ်မှာ ကစားဖို့ဆိုတာ မလွယ်ပါဘူး။ CSKAရဲ့ အိမ်ကွင်းကစားပုံကမာပြီး ပြိုင်ဘက်အပေါ်မှာ ဖိအားကောင်းကောင်းပေးနိုင်သလို သူတို့ရဲ့ ပရိသတ်အားကလည်း တော်တော်လေးကို အင်အားတောင့်တယ်။ ဒါကြောင့်လည်း အင်တာမီလန်ဟာ ရုရှားမြေပေါ်မှာ အသာစီးနဲ့ကစားပြဖို့ဆိုတာ ခက်ခဲမှုတွေရှိနေမလားပဲ။ CSKA ကတော့ တိုက်စစ် သီးသန့်ဖွင့်ကစားရတော့မှာဆိုတော့ ပွဲစတာနဲ့အင်တာဘက်ကို တရစပ်တိုက်စစ်ဆင်ဖို့က များနေတယ်။ အင်တာအတွက်တော့ အထူးသဖြင့် ရှနိုက်ဒါပါလာမလားဆိုတာပါပဲ။ ဒီပွဲမှာ ရှနိုက်ဒါ မပါနိုင်ရင် အင်တာရဲ့ဂိုးရပေါက်ရလမ်းတွေ ဖန်တီးနိုင်မှုအပိုင်းဟာ အကျပ်အတည်းရှိလာနိုင်ပါသေးတယ်။ မော်ရင်ဟိုဟာ CSKA နည်းပြထက် အတွေ့အကြုံရင့်တာမှန်ပေမယ့် သူကစားခိုင်းတဲ့ ကစားသမားအများစုထဲမှာ သူလိုချင်တဲ့ ပုံစံမျိုးရအောင် ကစားနိုင်တဲ့ ကစားသမားတွေက ပါဝင်နေမှာဆိုတော့ အင်တာရဲ့ ကစားအားဟာ ရုရှားကွင်းထဲမှာ အရာမရောက်မှာ စိုးရိမ်မိနေပါတယ်။ ကရာဆစ်၊ နီဆစ်နဲ့ အယ်လ်ဗိုနင်တို့ဆိုတာဟာ ကစားအားရော ရန်းအားပါ သန်မာကြတာကြောင့် အိမ်ကွင်းအရှိန်နဲ့ ဖိအားပေးကစားတဲ့အခါမှာ အင်တာရဲ့ နောက်တန်းဟာ ကြံ့ကြံ့ခံ တောင့်ထားနိုင်ပါ့မလား။ အင်တာဟာလက်ထဲမှာရှိတဲ့ အခွင့်အရေးကို ဆုံးရှုံးမခံလိုတာကြောင့် ဒီပွဲအပေါ်မှာ အမှားမရှိအောင် ထိန်းချုပ်ကစားရင်းနဲ့ နောက်ဆုံးမှာ သရေယူကြဖို့ရှိနေနိုင်တဲ့ ပွဲစဉ်ပါလို့ ပြောချင်ပါတယ်။ တစ်ဂိုးစီ လောက်နဲ့ ပွဲပြီးဖို့ ရှိနေနိုင်ပါတယ်။

၈-၄-၂၀၁၀ရက် (နံနက် ၁း၁၅)

မန်ယူ-ဘိုင်ယန်မြူးနစ်

မန်ယူ အလှည့်ရောက်ပြီလို့တောင် ရဲရဲဝံ့ဝံ့နဲ့ထုတ်ပြောချင်ပေမယ့် ရွှန်နေလို အမာခံကစားသမားတစ်ယောက်က တစ်လနီးပါးတောင် အနားယူရမှာဖြစ်နေတော့ မန်ယူရဲ့ဂိုးရရှိရေးကိစ္စကို ဘယ်သူက ပခုံးထမ်းတာဝန်ယူမလဲ။ ဘာဘာတော့ဗ်လား၊ နာနီလား၊ တော်တော့ကို စဉ်းစားရခက်ခဲပါတယ်။ ခြေမှန်ရရှိမှု နည်းပါးတဲ့ မန်ယူတိုက်စစ်ဟာ အိမ်ကွင်းမှာ ကစားရတာမှန်ပေမယ့် ခြေအသာရတာတောင် ဂိုးအသာရမှုကို မစွမ်းဆောင်နိုင်ခဲ့ရင် ဘိုင်ယန်မြူးနစ်ရဲ့ ဖိအားပေးမှုကိုပါ ထပ်မံပြီး ခံစားရနိုင်ပါသေးတယ်။ မန်ယူရဲ့ တောင်ပံတိုက်စစ်ထက် ဘိုင်ယန်ရဲ့ တောင်ပံတိုက်စစ်ကပိုပြီးတော့ တောင့်တင်းသလို မြန်ဆန်မာကျောမှုပါ ရှိနေတဲ့အတွက် ဒီပွဲမှာ ညွှဲ့သည်ရဲ့ ကစားအားကို မန်ယူအနေနဲ့ တောင့်ခံထားနိုင်ပါ့မလား။ မန်ယူဟာ အိမ်ကွင်းမာတဲ့ အသင်းတစ်သင်းပါ။ အချိတ်အဆက်မိမိနဲ့လည်း ကစားနိုင်တယ်။ ရန်းအားကောင်းတယ်။ ဒါပေမယ့် စိတ်ဓာတ်ပိုင်းမာကျောမှုနဲ့ ဂိုးရအောင်လုပ်နိုင်တဲ့ တိုက်စစ်မှူးမျိုး နည်းပါတယ်။ ရွှန်နေလို ကစားသမား

မန်ယူအနိုင်ရရေးအတွက် နာနီ ဘယ်လိုခြေစွမ်းပြမလဲ….။

နေရာမှာ ဘာဘာတော့ဗ်ကလည်း အားကိုးလို့မရဘူး။ နောက်ဆုံးတော့ နာနီ တစ်ယောက်ပဲ ကျန်ပါတော့တယ်။ နာနီကရော ဘော်လ်တန်ပွဲကလို ခြေစွမ်းမျိုးညှစ်ထုတ်နိုင်ပါ့မလား။ ဘိုင်ယန် နောက်တန်းဆိုတာကလည်း အမာစား၊ အမိုက်စား၊ အကြမ်းစား ကစားသမားတွေနဲ့ ဖွဲ့စည်းထားတော့ နာနီတို့လို မပါးနပ်တဲ့ ကစားသမားတွေအတွက်တော့ ခက်ရချည်ရဲ့။ ပြီးတော့ အာရှသား ပတ်ဂျီဆန်၊ သူ့ရဲ့ဖွဲလုံ့လက အားကျဖို့ကောင်းပေမယ့် ဘိုင်ယန်နောက်တန်းကိုတော့ မကျိုးစယ်နိုင်လောက်ပါဘူး။ ဘိုင်ယန်ဟာ ပထမအကျော့က နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရထားတဲ့ အခွင့်အရေးကို လက်လွတ်ခံမှာ မဟုတ်တာကြောင့် ကစားအားကောင်းကောင်းနဲ့ အဝေးကွင်းမှာ ကစားမှာပါ။

ဒါကြောင့်ပဲ အခုပွဲမှာ မန်ယူကသာ အဖွင့်ဂိုးစောစောမသွင်းယူနိုင်ရင်တော့ လူကောင်ထွားပြီး တွန်းတွန်းတိုက်တိုက်နဲ့ ကစားတတ်တဲ့ ဘိုင်ယန်ဟာ နည်းပေါင်းစုံသုံးပြီး နောက်တစ်ဆင့်ရောက်ဖို့ကို လုပ်ပြသွားနိုင်ပါတယ်။ ဒါကြောင့်လည်းပဲ ဒီပွဲမှာတော့ မန်ယူရဲ့ အိမ်ရှင်အရိပ်အောက်ကနေ ရုန်းထွက်မယ့် ဘိုင်ယန်မြူးနစ်တို့ အလေးသာပါတယ်။

ဘော်ဒိုးတိုက်စစ်မှူး ချာမက် (၀) လီယွန်ကို ဘယ်လို ထိုးဖောက်မလဲ။

ဘော်ဒိုး-လီယွန်

ဘော်ဒိုးဟာ ပထမအကျော့မှာ လီယွန်ကို ဂိုးပြတ်နဲ့အရေးနိမ့်လိုက်တာကြောင့် မမျှော်လင့်ရဲတဲ့ နောက်တစ်ဆင့်ရောက်ရေး အိပ်မက်ကို နောက်ဆုံးခွန်အားနဲ့ ရုန်းထွက်ရပါပြီ။ ဘာကြောင့်လဲဆိုတော့ အိမ်ရှင်ဖြစ်နေတာရယ်၊ ပရိသတ်အတွက် အကောင်းဆုံးပေးဆပ်မှာ ဖြစ်နေတာတွေရယ်ကြောင့်ပါပဲ။ လီယွန်ကတော့ ဘော်ဒိုးရဲ့ အားနည်းချက်ကိုသိနေပြီး အဝေးကွင်းမှာ ဆုံတွေ့တိုင်းလည်း အနိုင်ရအောင် လုပ်ပြတတ်တာတွေက ရှိနေတော့ အခုပွဲမှာလည်း ဖိအားကင်းကင်းနဲ့ ကစားမယ် ထင်ပါတယ်။ ဒါ့ကြောင့် လီယွန်ဟာ ဘော်ဒိုးကို တိုက်စစ်ဖွင့်ဖို့ထက် ဂိုးမပေးရရေးကိုများ ဦးစားပေးကစားမလားလို့ ထင်တယ်။ ခံစစ်ကို ဦးစားပေး ကစားရင်တော့ ဘော်ဒိုးအတွက် အခုပွဲမှာ လီယွန်ကို ထိုးစစ်ဆင်ခွင့်ရဖို့ ရှိနေနိုင်တယ်။ လီယွန်အပေါ်မှာ ဘော်ဒိုးဟာ ဖောင်ဖျက်ကစားရမယ့် အနေအထားဖြစ်နေတော့ ဘာမုဂရမစိုက်ဘဲနဲ့ ဂိုးရရေးကို ချာမက်နဲ့ ဂေါ်ကပ်ဖ်တို့လို ကစားသမားတွေရဲ့ အားကိုယူပြီး ကစားသွားမယ်ဆိုရင် ဘော်ဒိုးဟာ နောက်ဆုံးမှာ နောက်တစ်ဆင့်မရောက်နိုင်တာတောင် နှစ်ဂိုး-တစ်ဂိုးနဲ့တော့ အနိုင်ရလဒ်ရဖို့ သေချာနေပါတယ်လို့ ဆိုလိုက်ချင်ပါတယ်။ ။

(မြန်မာ့အလင်း)

မြန်မာ့အလင်း

သတင်းပဒေသာ အတိုအထွာ

ရန်ကုန် ဧပြီ ၄

ရမည်းသင်းမြို့နယ်အသင်း နှစ်ပတ်လည်စည်းဝေးမည်

ရမည်းသင်းမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို မေလ ဒုတိယအပတ်တွင် ကျင်းပရန်စီစဉ်ထားပြီး အသက်(၇၅)နှစ်အထက် အသင်းဝင်အမည်စာရင်းနှင့် ၂၀၀၇၊ ၂၀၀၈ နှင့် ၂၀၀၉ တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးဖြင့်အောင်မြင်သော အသင်းဝင်သားသမီးများ အမည်စာရင်းကို အမှတ် ၉၆ ကုန်ဈေးတန်းလမ်း ရန်ကုန်မြို့သို့ ဧပြီ ၂၆ရက် နောက်ဆုံးထား စာရင်းပေးပို့နိုင်သည်။

ဥပဒေဘွဲ့ရကျောင်းသားများ မြတ်ဆရာပူဇော်ရေး စည်းဝေးမည်

ရန်ကုန်တက္ကသိုလ်(ပင်မ)ဥပဒေဌာနတွင် ၁၉၉၆ ခုနှစ်မှ ၂၀၀၂ ခုနှစ်အထိ ဥပဒေဘွဲ့ရရှိခဲ့သော ကျောင်းသားကျောင်းသူများ၏ မြတ်ဆရာပူဇော်ပွဲ ဖြစ်မြောက်ရေး နောက်ဆုံးအကြိမ် အစည်းအဝေးကို ဧပြီ ၂၅ရက်တွင် ကျင်းပမည်ဖြစ်ရာ အစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်ကြားထားပြီး ဖုန်း-၀၉-၈၉၂၇၆၅၆၊ ၀၉-၅၀၂၉၉၅၈ နှင့် ၀၉-၅၁၆၉၄၁၉တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

စာအုပ်ဈေးရောင်းပွဲ အင်းဝစာအုပ်တိုက်၌ ခင်းကျင်းထား

စာပေဝါသနာရှင်များအတွက် အမျိုးသမီးထုတ်ဝေသူများ၏ စာအုပ်ဈေးရောင်းပွဲကို အင်းဝစာအုပ်တိုက် အခန်း အမှတ် ၂၀၁/၃၀၁ (မြေညီထပ်) ပန်းဆိုးတန်းလမ်း (အထက်)ရန်ကုန်မြို့၌ ဧပြီ ၇ရက်အထိ အထူးလျှော့ဈေးဖြင့် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ခင်းကျင်းရောင်းချပေးလျက်ရှိသည်။

တင်းနစ်ပြိုင်ပွဲများ ပါဝင်ယှဉ်ပြိုင်နိုင်

၂၀၁၀ခုနှစ် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား တင်းနစ်ပြိုင်ပွဲကို မေ ၈ရက်မှ ၁၄ရက်အထိ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ တင်းနစ် အားကစားကွင်း၌ ကျင်းပမည်ဖြစ်ပြီး အမျိုးသား အမျိုးသမီး တစ်ဦးချင်း၊ နှစ်ယောက်တွဲပြိုင်ပွဲနှင့် သက်တန်းအလိုက်ပြိုင်ပွဲများကျင်းပမည်ဖြစ်ပြီး ပါဝင်ယှဉ်ပြိုင်မည့် ကစားသမားများ မေ၆ရက်နောက်ဆုံးထား၍ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် (သိမ်ဖြူတင်းနစ်ကွင်း)သို့ စာဖြင့်လည်းကောင်း၊ ဖုန်း-၃၇၂၃၆၀ နှင့် ၃၈၁၉၉၁/၉၉၂ လိုင်းခွဲ-၁သို့ လည်းကောင်း စာရင်းပေးသွင်းနိုင်သည်။

စာပေဗိမာန်စာအုပ်အသင်းဝင်များထံ စာအုပ်ဖြန့်ချီ

၂၀၀၇ခုနှစ် စာပေဗိမာန်စာမူဆု စာပဒေသာ(ပထမဆုရ) အောင်စိုး (တိရစ္ဆာန်ဆေးကုဆရာဝန်)၏ ဟောဝန်ဟေမာသတ္တဝါတို့၏ နိမိတ်ပုံလွှာစာအုပ်ကို စာပေဗိမာန်စာအုပ်အသင်းဝင်များသို့ ဖြန့်ချိပေးလျက်ရှိပြီး စာအုပ်အသင်းဝင်လိုက ဖုန်း-၀၁-၂၄၉၀၃၁ သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

ထားဝယ်ရိုးရာသင်္ကြန်ပွဲဆင်နွှဲကြမည်

နှစ်စဉ်ကျင်းပမြဲဖြစ်သော ထားဝယ်အသင်း၏ ထားဝယ်ရိုးရာသင်္ကြန်နှင့် ရိုးရာမုန့်မျိုးစုံလှူပွဲကို ဧပြီ ၁၃ရက် (သင်္ကြန်အကြိုနေ့) နံနက် ၈နာရီမှ ၁၀နာရီအထိ အမှတ် ၈၂၈ မဟာဗန္ဓုလလမ်း လမ်းမတော်မြို့နယ်ရှိ ထားဝယ်အသင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ အသင်းသူ အသင်းသားများ တက်ရောက်ဆင်နွှဲနိုင်ရန် နှိုးဆော်ထားသည်။

စည်းကမ်းနှင့်အညီ ရေကစားမဏ္ဍပ်များ ဆောက်လုပ်ရမည်

၁၃၇၁ခုနှစ် မဟာသင်္ကြန်ပွဲတော်တွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ယာဉ်သွားလာမှုလွယ်ကူရေး၊ ခရီးသွားပြည်သူများစိတ်ချမ်းမြေ့စွာ သွားလာနိုင်ရေးအတွက် ရေကစားမဏ္ဍပ်နှင့် အလှပြဖျော်ဖြေရေးမဏ္ဍပ်များကို စည်းကမ်းချက်များနှင့်အညီ စနစ်တကျဆောက်လုပ်ရမည်ဖြစ်ပြီး ကန်တော်ကြီးပတ်လမ်း၌ ၁၆ နေရာ၊ ပြည်လမ်းရှစ်မိုင်မှ ဗိုလ်ချုပ်လမ်းအထိ ရှစ်နေရာ၊ ကမ္ဘာအေးစေတီလမ်း၌ လေးနေရာ၊ ဆရာစံလမ်းတစ်လျှောက်၌ ငါးနေရာ၊ ဗိုလ်ချုပ်ဈေးရှေ့နှင့် ဘုရင့်နောင်ဆပ်ပြာကုန်ကြမ်း စက်ရုံရှေ့တို့၌တစ်နေရာစီ၊ ပန်းဆိုးတန်းလမ်း (ကမ်းနားလမ်းနှင့် ကုန်သည်လမ်းကြား)၌ နှစ်နေရာနှင့် သာခုကန်ရှေ့၌ သုံးနေရာ မဏ္ဍပ်ကြီးများ ချထားပေးရန် သက်ဆိုင်ရာက စီစဉ်ထားကြောင်းသိရသည်။

ရခိုင်ရိုးရာသင်္ကြန်ပွဲ စည်ကားစွာကျင်းပမည်

ရခိုင်စာပေနှင့်ယဉ်ကျေးမှုအဖွဲ့ (ရန်ကုန်)ကကြီးမှူး၍ ရခိုင်ရိုးရာသင်္ကြန်ပွဲတော်ကို ဧပြီ ၁၂ ရက် ညနေ၃ နာရီမှ စတင်၍ ဧပြီ ၁၆ ရက်အထိ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူကားမောင်းသင်ကွင်း၌ စည်ကားစွာကျင်းပမည်ဖြစ်ပြီး နံ့သာသွေးပွဲ၊ ရိုးရာအကပဒေသာနှင့် တေးဂီတအစီအစဉ်များ၊ ရခိုင်ရိုးရာ ရေကစားပွဲနှင့် အဆိုအကဖျော်ဖြေပွဲများပါဝင်မည်ဖြစ်သည်။ ။ (မြန်မာ့အလင်း)

စုစည်းရေးသားသူ-ဝင်းကျော်

ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို တစ်ဦးတည်းမူပိုင်ဖြစ်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်း၊ လမ်းမတော်မြို့နယ်၊ အမှတ် (၅)ရပ်ကွက်၊ ၁၁လမ်း၊ အမှတ် ၅၀နေ ဒေါ်တင်တင်ထွေး ၁၂/လမတ(နိုင်)၀၁၉၇၈၂၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

မှတ်ပုံတင်အမှတ် ၄/ ၆၉၆/ ၂၀၁၀

ကျွန်ုပ်၏အမှုသည် ဒေါ်တင်တင်ထွေးသည် **pink Ô** ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကိုအသုံးပြု၍ အမျိုးသမီးအဝတ်အထည် အရွယ်အစားအမျိုးမျိုးတို့ကို တစ်ဦးတည်းမူပိုင်ပြုလုပ်သုံးစွဲရန် ရန်ကုန်မြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၌ မှတ်ပုံတင်အမှတ် ၄/ ၆၉၆/ ၂၀၁၀ဖြင့် တရားဝင်မှတ်ပုံတင်၍ ပြည်ထောင်စုမြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

ဖော်ပြပါ **pink Ô** ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် ဆိုင်းဘုတ်၊ ဘလောက်၊ တီဗွီ၊ မဂ္ဂဇင်း၊ လက်ကမ်းကြော်ငြာ၊ စာစောင်ကြော်ငြာ၊ **Letter Head**၊ ငွေရပြေစာ၊ ဖြတ်ပိုင်း၊ တံဆိပ်တုံးအစရှိသည်တို့တွင်လည်း အသုံးပြုလျက်ရှိပါသည်။ ထို့အပြင် **pink Ô** ကုန်အမှတ်တံဆိပ်အမှတ်အသားဖြင့် အမျိုးသမီးအဝတ်အထည် အရွယ်အစားအမျိုးမျိုးတို့ကို ထည့်သွင်းအသုံးပြုသော ပလတ်စတစ်အိတ်၊ ပလတ်စတစ်ရွက်၊ ပလတ်စတစ်ဘူး၊ စက္ကူဘူး၊ စက္ကူအိတ်၊ စက္ကူပတ်၊ စက္ကူရွက်၊ ပါဆယ်ထုပ်၊ ထည့်သွင်းပစ္စည်းနှင့် ထုပ်ပိုးပစ္စည်းအစရှိသည်တို့အပေါ်တွင်လည်းကောင်း၊ ၄င်းကုန်ပစ္စည်းများအပေါ်တွင်လည်းကောင်း၊ အဆိုပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို လိမ္မော်ရောင်အောက်ခံပေါ်တွင် အနီရောင်စာလုံးဖြင့် **pink Ô** ဟုရိုက်နှိပ်၍ ယင်းစာလုံး၏ ဝဲ/ ယာဘက်တွင် ပန်းပွင့်သေးတစ်ပွင့်စီကိုလည်းကောင်း၊ ပန်းပွင့်အကြီးတစ်ပွင့်စီကိုလည်းကောင်း၊ **pink Ô** ၏အထက်ဘက်တွင် ပန်းပွင့်အသေးတစ်ပွင့်နှင့် အကြီးနှစ်ပွင့်ကိုလည်းကောင်း၊ **pink Ô** စာလုံး၏ ဝဲ/ယာတွင် ထောင့်ရှစ်ထောင့်ပါ အဋ္ဌဂံပုံဒီဇိုင်းတို့ကို ပြုလုပ်ပြီးလျှင် ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုမြန်မာနိုင်ငံတစ်ဝန်းတွင် ထုတ်လုပ်ဖြန့်ချိ ရောင်းချသွားမည်ဖြစ်ပါသည်။

သို့ပါ၍ သုံးစွဲသူပြည်သူများအနေဖြင့် **pink Ô** မှထုတ်လုပ်သော အမျိုးသမီးအဝတ်အထည်များကိုသာ သေချာစွာစိစစ်ရွေးချယ် ဝယ်ယူကြပါရန် မေတ္တာရပ်ခံအပ်ပါကြောင်းနှင့် **pink Ô** ၏ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားအားလုံးကိုဖြစ်စေ သို့မဟုတ် တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ ထပ်တူထပ်မျှ၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှား၊ ပုံတူပုံမှား၊ သံတူကြောင်းကွဲတုပပြုလုပ်၍ ထုတ်လုပ်ဖြန့်ဖြူးရောင်းချခွင့်မရှိပါကြောင်း သတိပေးအပ်ပါသည်။ အကယ်၍ တုပပြုလုပ်ထုတ်လုပ်ဖြန့်ဖြူးရောင်းချခဲ့ပါလျှင် တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် အလေးအနက် သတိပေး ကြေညာအပ်ပါသည်။

ဒေါ်တင်တင်ထွေး၏ လွှဲအပ်ညွှန်ကြားချက်အရ-

ရှေ့နေ သန်လျင်ဦးထွန်း LL.B., C.B.L., D.B.L., D.M.L., D.I.L., D.A.Psy

ရှေ့နေ ဦးကျော်တင်မြင့် M.A., M.Res., B.Sc., D.B.L., D.M.L., D.I.L., D.A.Psy., H.G.P., R.L.II.

အမှတ်၂၇/၂၉ (ခြောက်လွှာ)၊ ၃၅လမ်း၊ ကျောက်တံတားမြို့နယ်၊ ဖုန်း-၇၀၀၃၈၀။

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ခဲ့သော မူဆယ်မြို့ ကောင်းမှုတံရပ်ကွက် ကောင်းမှုတံ ၂လမ်း ကတ္တရာလမ်းဖွင့်ပွဲကို မတ်၂၇ရက်က ကျင်းပရာ မူဆယ်ခရိုင်ဥက္ကဋ္ဌ ဦးထွန်းမင်းဇော်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိဦးငွေဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ငါ့သရောက်မြို့ဝင်ဆိုင်းဘုတ် ဆောက်လုပ်နေမှုကို မတ် ၉ရက်က မြို့အုပ်ချုပ်ရေးမှူးဦးနိုင်ဦး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ မြို့တာဝန်ခံဦးတင်ရှိန်နှင့် အငယ်တန်းအင်ဂျင်နီယာ-၂ (မြို့ပြ) ဦးနေလင်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ် ပြန်/ဆက်)



လူမှုဝန်ထမ်းဦးစီးဌာန စံပြရင်သွေးအိမ်မူကြိုကျောင်း၏ ဉာဏထူးချွန် ဆုပေးပွဲနှင့်ပဒေသာကပွဲကို ဧပြီ၂ရက်က ရန်ကုန်မြို့ရှိ ကရဝိက်နန်းတော်၌ ကျင်းပရာ ဉာဏထူးချွန်ဆုရရှိသော မူကြိုရင်သွေးငယ်များအား မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းအဖွဲ့ခွဲ ခေါင်းဆောင် ဒေါ်သွဲ့သွဲ့ဝင်းက ဆုချီးမြှင့်စဉ်။ (လူမှုဝန်ထမ်း)

မြန်မာ့အလင်း စာတည်းထံပေးစာများ

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံရေးသား၍နိုင်ငံသားစိစစ်ရေးကတ်မိတ္တူပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက် အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁) ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။

မလိုသောပစ္စည်းများ စုပုံမှုကြောင့် ရေမြောင်းများ ပိတ်ဆို့နေ

စာတည်းခင်ဗျား-

ကျောက်တံတားမြို့နယ် (၂)ရပ်ကွက် ၃၄ လမ်း အလယ်ဘလောက်နှင့် အမှတ်(၁) ရပ်ကွက် ၃၃ လမ်း အလယ်ဘလောက်တွင် အဆင့်မြင့် အဆောက်အအုံဆောက်လုပ်နေပြီး အသုံးမလိုသော ပစ္စည်းများကို လွှင့်ပစ်ခြင်း၊ သိမ်းဆည်းခြင်းမပြုဘဲ စုပုံပစ်ထားမှုကြောင့် ရေမြောင်းများအားလုံး ပိတ်ဆို့မှုဖြစ်ခြင်း၊ မိလ္လာကန်နှင့် ဆက်ထားသော အရန်မိလ္လာကန်ငယ်များ ဖွင့်ပိတ်ရန်ခက်ခဲမှုဖြစ်နေခြင်းတို့ကြောင့် ပတ်ဝန်းကျင် နေထိုင်ကြသူများ၏ ကျန်းမာရေးကို များစွာထိခိုက်မှုဖြစ်နေသည့်အပြင် မီးဘေးအန္တရာယ် စိုးရိမ်ရပါ၍ လိုအပ်သလို ဆောင်ရွက်ပေးနိုင်ရန် တင်ပြအပ်ပါသည်။ **၃၄ လမ်းသား**

ငှက်ရွှေဝါလမ်း ယာဉ်အန္တရာယ်စိုးရိမ်နေရ

စာတည်းခင်ဗျား-

နေပြည်တော်တပ်ကုန်း စည်ပင်သာယာ မြို့မဈေး၏ တောင်ဘက် ငှက်ရွှေဝါလမ်းတစ်လျှောက်တွင် စည်းကမ်းမဲ့ပျံ့ကျဈေးသည်များနှင့် စပယ်လမ်းထိပ်တွင် စက်ဘီး၊ဆိုင်ကယ်၊ဆိုက်ကားများ စည်းကမ်းမဲ့ ရပ်နားဂိတ်ထိုးထားသောကြောင့် နေ့စဉ် လမ်းပိတ်ဆို့ပြီး ယာဉ်အဝင်၊အထွက် အန္တရာယ် စိုးရိမ်ရပါသဖြင့် သက်ဆိုင်ရာမှ ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။ **အန္တရာယ်ကြောက်သူ**

မီးစက်အင်ဂျင်သံကြောင့် နားမခံသာ ဖြစ်နေရ

စာတည်းခင်ဗျား-

ဟင်္သာတမြို့ ဘုရားကြီးရပ်ကွက် ဦးဝိစာရလမ်းပေါ်ရှိ ပဲပွဲရုံမှ မောင်းနှင်သော မီးစက်အင်ဂျင်မှာ ဟာလာဆန်စက်လည်ပတ်သည့် မြင်းကောင်ရေ ၃၀ခန့်ရှိသော အင်ဂျင်မျိုးကို အိတ်ဇောဆလင်ဒါမပါဘဲ မောင်းနှင်လျက်ရှိရာ ၄င်းအင်ဂျင်စက်သံကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ နားမခံသာ ဖြစ်နေရပါ၍ သက်ဆိုင်ရာမှ ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။ **နားမခံနိုင်သူ**

ဂိမ်းဆိုင်မီးစက်မောင်းသံကြောင့် ကျန်းမာရေး ထိခိုက်

စာတည်းခင်ဗျား-

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ဟုမ်းလမ်း ပန်းလှိုင်အိမ်ရာရှိ နက်စ်ဝက်ဘ်ဂိမ်းဆိုင်တစ်ဆိုင်သည် နေ့စဉ်နံနက် ၉ နာရီမှ ည ၁၀ နာရီကျော်အထိ ဖွင့်လှစ်၍ လုပ်ငန်းသုံးစက်ကြီး မောင်းနှင်နေသောကြောင့် မီးခိုးများ၊ ဆူညံသံများ ထွက်ပေါ်နေ၍ ပတ်ဝန်းကျင်တွင် နေထိုင်သူများအား ကျန်းမာရေးထိခိုက်စေပါသဖြင့် ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **နားမခံနိုင်သူများ**

ခွေးလေခွေးလွင့်များ သောင်းကျန်းနေ

စာတည်းခင်ဗျား-

မလွန်ကုန်းဈေးကွယ် (က)ရပ်ကွက် အသောကလမ်းတွင် ပိုင်ရှင်မဲ့ခွေးလေခွေးလွင့်များ နေ့ရောညပါဆူပူသောင်းကျန်းခြင်းကြောင့် ကလေးသူငယ်များနှင့်သက်ကြီးရွယ်အိုများမှာ သတိထားသွားလာနေရပါသဖြင့် သက်ဆိုင်ရာမှလိုအပ်သလို ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **ဒုက္ခခံရသူ**

ကုန်တင်ကားများကြောင့် မြို့တွင်းလမ်းများ ပျက်စီး

စာတည်းခင်ဗျား-

ဖျာပုံမြို့တွင်းလမ်းမများတွင် ကုန်တင်ကားကြီးများနှင့် ရေခဲတင်ကားများသည် ဥဒဟိုဝင်ထွက်သွားလာ ကုန်တင်ကုန်ချ ပြုလုပ်နေသည့်အတွက် လမ်းများပျက်စီးခြင်း၊ ယာဉ်အန္တရာယ်ရှိခြင်းတို့ကြောင့် အဝေးပြေးဂိတ်တွင် ဂိတ်သတ်မှတ်၍ ဆောင်ရွက်ပေးနိုင်ပါရန် တင်ပြအပ်ပါသည်။ **ဖျာပုံသား**

ဝက်ချေးနံ့ကြောင့် ကျန်းမာရေးထိခိုက်

စာတည်းခင်ဗျား-

ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၄၂)ရပ်ကွက် ပီမိုးနင်း ၂လမ်းရှိ နေအိမ်တစ်အိမ်တွင် ဝက်များမွေးမြူထားခြင်းကြောင့် ဝက်ချေးနံ့ကို နေ့စဉ်ရှူရှိုက်နေရပါသဖြင့် ကျန်းမာရေးထိခိုက်စေနိုင်သောကြောင့် သက်ဆိုင်ရာမှ လိုအပ်သလိုဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **လမ်းသူလမ်းသားများ**

ကြက်ခြံအနံ့ဆိုးကြောင့် ကျန်းမာရေးထိခိုက်

စာတည်းခင်ဗျား-

ပေါင်မြို့နယ်အတွင်းရှိ ဥက္ကံကားကျေးရွာ ရပ်ကွက်အမှတ်(၁) ဇရပ်ချောင်း မူလတန်းကျောင်းအနီးရှိ စီးပွားဖြစ်ကြက်ခြံများမှ အနံ့အသက်ဆိုးများကြောင့် ပတ်ဝန်းကျင်တွင် နေထိုင်သူများ ကျန်းမာရေးထိခိုက်ရပါသဖြင့် သက်ဆိုင်ရာမှ ရှင်းလင်းဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **အနံ့ဆိုးမခံနိုင်သူ**

ကြက်ခြံအနံ့ဆိုးများကြောင့် ကျန်းမာရေးထိခိုက်မှု ဆောင်ရွက်ပြီးစီး

၂၂-၃-၂၀၁၀ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **မိုးညှင်းမြို့ စိမ်းရတနာမွန်တောင်ပိုင်း အမှတ်၇လမ်းပေါ်တွင်ရှိသော ကြက်ခြံမှမကောင်းသော အနံ့ဆိုးများ ရှူရှိုက်ရ၍ ကျန်းမာရေးထိခိုက်** ပေးစာနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။ **မြို့နယ်စည်ပင်သာယာရေးအဖွဲ့**

ပျံ့ကျဈေးသည်များကြောင့် လမ်းပိတ်ဆို့မှု ဆောင်ရွက်ပြီး

၁၈-၁-၂၀၁၀ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **တွံတေးမြို့ အိုးဘိုအရှေ့ရပ်ကွက် ဗိုလ်ချုပ်လမ်းနှင့် ဦးပေါ်ဦးလမ်းပေါ်တွင် ပျံ့ကျဈေးသည်များကြောင့် လမ်းပိတ်ဆို့** ပေးစာနှင့် ပတ်သက်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ရှင်းလင်းပြီးဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။ **မြို့နယ်စည်ပင်သာယာရေးအဖွဲ့**

စည်းကမ်းမဲ့ဆီစက် ဆောင်ရွက်ပြီးစီး

၂-၁၁-၂၀၀၉ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **စစ်တွေမြို့ ကျောင်းတက်လမ်းရပ်ကွက် အောင်ထွန်းဦးလမ်းရှိ စည်းကမ်းမဲ့ ဆီစက်လုပ်ငန်းအား သက်ဆိုင်ရာမှ လိုအပ်သလို ဆောင်ရွက်ပေးပါ** ပေးစာနှင့် ပတ်သက်၍ စိစစ်ဆောင်ရွက်ပြီးဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။ **မြို့နယ်စည်ပင်သာယာရေးအဖွဲ့**

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

သုံးခွနှင့် ခရမ်းမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ
ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ လှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၄

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းတို့နှင့်အတူ ယနေ့နံနက် ၇ နာရီခွဲတွင် ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် သိုက်တူးကန် စံပြကျေးရွာ၌ ကျင်းပသည့် ရောင်ခြည်ဦးစာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

စာမျက်နှာ ၁၁ ကော်လံ ၁ ❒

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ သုံးခွရေထိန်းတံခါး ကြံ့ခိုင်မှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း ဆောင်းပါးအညွှန်း

မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြကုန်သော တိုင်းရင်းသားအပေါင်းသည် အေးအတူပူအမျှ အတူလက်တွဲပြီး ပြည်ပ၊ ပြည်တွင်းရန်၊ အန္တရာယ်များကို စုပေါင်းတွန်းလှန်ကာ တည်ငြိမ်အေးချမ်းသော၊ ခေတ်မီဖွံ့ဖြိုးသော၊ စည်းကမ်းကျသော ဒီမိုကရေစီနိုင်ငံ ထူထောင်နိုင်ရေးအတွက် ကိုယ့်ဝန်တာကိုယ်ကျေအောင် ဆောင်ရွက်ရင်း အမိမြန်မာမြေပေါ်တွင် ပြဟ္မစိုရ်တရားများ ထွန်းကားပါစေကြောင်း ဆန္ဒပြု။

မိပြည်ချစ်၏ ဆောင်းပါး စာ - ၁၀

ထူးခြားသည့် နေ့အပူချိန်

၄-၄-၂၀၁၀

မကွေးမြို့ - ၄၃ ဒီဂရီစင်တီဂရိတ်

မီးမလောင်ခင်သတိယှဉ် ကြိုတင်ကာကွယ်ပါ